သစ်တောထိန်းသိမ်းမှုလုပ်ငန်းတွင် သစ်တောဦးစီးဌာန တစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ပါ။ ပြည်သူတစ်ရပ်လုံးက နားလည်သဘောပေါက်ပြီး ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါသည်။ သစ်တောသစ်ပင်ကို ချစ်တတ်သော လူမျိုးဖြစ်အောင် စည်းရုံးဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံး က သစ်တောများကို မိမိပစ္စည်းကဲ့သို့ သဘောထားခံယူပြီး မှန်ကန်စွာ အသုံးပြုတတ် လာပါမှ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများ မှာ ပိုမိုထိရောက်အောင်မြင်လာမည် ဖြစ်ပါသည်။ နယ်မြေအေးချမ်း သာယာလာသည် နှင့်အမျှ သစ်တောထွက်ပစ္စည်းများကို စနစ်တကျနှင့် ပိုမိုထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပြီး သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ထိရောက်စွာ အကောင်အထည်ဖော် လုပ်ကိုင်နိုင်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

# အပိုင်း(၂)

# အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု

**၇။ သစ်တောမူဝါဒ**

- ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၁၀ (ခ)တွင် သစ်တောအုပ်ချုပ် လုပ်ကိုင်မှုနှင့် စပ်လျဉ်းသည့် စီမံကိန်းများကိုရေးဆွဲ၍ သစ်တောရေးရာဝန်ကြီးထံ တင်ပြရမည် ဟုဖော်ပြထားပါသည်။

- ၁၉၉၅ ခုနှစ်၊ မြန်မာ့သစ်တောမူဝါဒ၊ သဘောထားကြေငြာချက် အခန်း ၃-၆ တွင်လည်း သစ်တောကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ ယေဘုယျ လမ်းညွှန်ချက် များနှင့် ရည်မှန်းချက်များ ချမှတ်ပေးနိုင်မည့် ၁၀ နှစ် စီမံကိန်းတစ်ရပ်ကို ရေးဆွဲရန်မူဝါဒ လုပ်ငန်းတစ်ရပ်အဖြစ် ဖော်ပြထားပါသည်။

- ထို့အပြင် ၁၉၉၅ ခုနှစ်၊ အမျိုးသားသစ်တောရေးရာ ဆောင်ရွက်မှုစီမံချက်၊ သစ်တောအုပ်ချုပ် လုပ်ကိုင်မှုအပိုင်းတွင် ဖော်ပြထားသည့် အုပ်ချုပ်လုပ်ကိုင်မှု နယ်မြေ တစ်ခုစီအတွက် ဘက်စုံအသုံးချ အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ရေးဆွဲရန် အကြံပြုထားပါသည်။

- စနစ်တကျရေးဆွဲထားသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများ မရှိဘဲ သစ်တောများကို ထာဝစဉ်တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင်နိုင်မည် မဟုတ်ပါ။ ထို့ပြင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲ၍ အုပ်ချုပ်လုပ်ကိုင်ခြင်းမှာ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်အဖွဲ့ (International Tropical Timber Organization -ITTO) က သတ်မှတ်ထားသော သစ်တောများကို ထာဝစဉ် တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင်ခြင်း (Sustainable Forest Management-SFM) ၏ စံချိန်စံညွှန်း (Indicator)တစ်ခုလည်း ဖြစ်ပါသည်။

- သို့ဖြစ်ပါ၍ ဤအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းကို ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေငြာချက်တွင် ချမှတ်ထားသည့် ပဓာနကျသည့် အချက် (၆)ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ ရေးဆွဲခြင်း ဖြစ်ပါ သည်။

**(က) ကာကွယ်ခြင်း။** ။ ရေ၊ မြေ၊ တောရိုင်း တိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရပါမည်။

**(ခ) ထာဝစဉ်တည်တံ့စေခြင်း။** ။ လက်ရှိပြည်သူလူထုနှင့် နောင်လာ နောက် သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုး များကို စဉ်ဆက်မပြတ်ခံစားနိုင်ကြစေရန် သစ်တောသယံဇာတ အရင်း အမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရပါမည်။

(ဂ) **အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း။** ။ ပြည်သူလူထု၏ လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာ နှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရပါမည်။

(ဃ) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း။** ။ သစ်တောသယံဇာတများမှ ရရှိနိုင်သည့်အကျိုးအမြတ်တို့အား လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရပါမည်။

(င) **ပြည်သူတို့ကပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း။** ။ သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့ပူးပေါင်း ပါဝင်လာကြစေရန် ဆောင်ရွက်သွားရပါမည်။

(စ) **ပြည်သူအတွင်းနိုးကြားထကြွသည့်အသိရှင်သန်နေစေခြင်း။** ။နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့်အသိရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော် သွားရပါမည်။

## ၈။ အုပ်ချုပ်လုပ်ကိုင်မှုဦးတည်ချက်များနှင့်ရည်ရွယ်ချက်များ

### ၈.၁ အုပ်ချုပ်လုပ်ကိုင်မှုဦးတည်ချက်များ

#### ၈.၁.၁ လူမှုစီးပွားရေး

သစ်တောကဏ္ဍကိုအခြေခံ၍ ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများဖူလုံစေရေးနှင့် ဝင်ငွေရရှိစေရန်။

#### ၈.၁.၂ သစ်တောဖွံ့ဖြိုးရေး

စီမံကိန်းများရေးဆွဲ၍ သစ်တောများကို စနစ်တကျအုပ်ချုပ်ပြုစုထိန်းသိမ်းခြင်းဖြင့်သစ်တောသယံဇာတများကို အကျိုးရှိစွာအသုံးချလာနိုင်ပြီး သစ်တောကဏ္ဍပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန်။

#### ၈.၁.၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

သစ်တောများကို စီမံကိန်းချမှတ်၍ စနစ်တကျအုပ်ချုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွား ခံစားနိုင်စေရန်။

#### ၈.၁.၄ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်မျှတရေးကို ဆောင်ရွက်သွားရန်။

## ၈.၂ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

### ၈.၂.၁ လူမှုစီးပွားရေးဖွံ့ဖြိုးမှု

နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရာတွင် သစ်တောကဏ္ဍသည် အဓိကအခန်းမှ ပါဝင်နေကြောင်း ပြည်သူတို့အတွင်း နိုးကြားသည့် အသိစိတ်ရှင်သန်နေစေရေးကို စည်းရုံးလှုံ့ဆော်သွားရန်နှင့် သစ်တောကဏ္ဍ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန်အတွက် လူမှုစီးပွား ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

### ၈.၂.၂ သစ်တောဖွံ့ဖြိုးမှု

လူမှုရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များ အစွမ်းကုန်ရရှိခံစားနိုင်ရေး၊ ဂေဟစနစ်များမျှတမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးအတွက် သစ်တောများ ပြန်လည်စိုက်ပျိုးပြုစုရန်နှင့် သစ်တောများကို ထာဝစဉ်ညီ တောထွက်စနစ်ဖြင့် စီမံအုပ်ချုပ်နိုင်ရေးအတွက် ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများ အစဉ်တည်မြဲနေစေရေးကို ဆောင်ရွက်သွားရန်။

နိုင်ငံတော်ဧရိယာ၏ စုစုပေါင်း ၃၀%ကို ကြိုးဝိုင်းတောများအဖြစ်လည်း ကောင်း၊ သဘာဝထိန်းသိမ်းရေး နယ်မြေများအဖြစ် ဖွဲ့စည်းဆောင်ရွက်ရာ၌ ရေတိုတွင် နိုင်ငံတော်ဧရိယာ စုစုပေါင်း၏ ၅% ကို လည်းကောင်း၊ ရေရှည်တွင် ၁၀% အထိ လည်းကောင်းဖွဲ့စည်းဆောင်ရွက်ရန်။

### ၈.၂.၃ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးမှု

#### ၈.၂.၃.၁ သစ်နှင့်သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု

သစ်နှင့်သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးတို့ကို စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ထုတ်ယူ၍ထာဝစဉ် အသုံးချ အုပ်ချုပ်လုပ်ကိုင်သွားရန်။

#### ၈.၂.၃.၂ သစ်တောအခြေခံလုပ်ငန်းဖွံ့ဖြိုးမှု

သစ်တောများမှလိုအပ်သော သစ်ကုန်ကြမ်းပမာဏ အမှန်တကယ်ထုတ်လုပ်ပေးနိုင်သည့် အခြေအနေပေါ်မူတည်၍ သစ်တောအခြေခံလုပ်ငန်းများ ဖွံ့ဖြိုးမှု အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်။

#### ၈.၂.၃.၃ ရောင်းဝယ်ရေးနှင့်ကုန်သွယ်မှု

သစ်တောထွက် ပစ္စည်းများကိုပြည်ပသို့ တန်ဖိုးမြှင့်ပစ္စည်းများအဖြစ် တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတကာသစ်ဈေးကွက်သို့ဝင်ရောက်ကုန်သွယ်မှုပြုရန်။

### ၈.၂.၄ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းမှု

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ယင်းတို့၏ နေရင်းဒေသများကာကွယ်ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများတည်ထောင်ခြင်းဖြင့်လည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များတည်ထောင်ခြင်းဖြင့်လည်းကောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ထိန်းသိမ်းရန်။

## ၉။ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲခြင်း

ယခုတင်ပြသည့် အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို မိုင်းဆတ်ခရိုင်အတွင်း သစ်တောသယံဇာတများကို စဉ်ဆက်မပြတ် အုပ်ချုပ်လုပ်ကိုင်သွားရန်ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ စီမံကိန်းသက်တမ်းကာလမှာ ၁၀ နှစ် (၂၀၁၆-၁၇ မှ ၂၀၂၅-၂၀၂၆ အထိ) ဖြစ်ပြီး စီမံကိန်းစတင်ပြီး (၅)နှစ် အကြာတွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို ပြန်လည်သုံးသပ်မည် ဖြစ်ပါသည်။ မိုင်းဆတ်ခရိုင်အတွင်း ပေါက်ရောက်လျှက်ရှိသော သဘာဝတောများကို သစ်ပင်ပေါက်ရောက်မှု၊ သစ်နှင့်သစ်တောထွက်ပစ္စည်းထွက်ရှိမှု အလားအလာ၊ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်၊ ဒေသခံပြည်သူတို့၏ သစ်နှင့်သစ်တောထွက်ပစ္စည်း လိုအပ်ချက်၊ ပတ်ဝန်းကျင်နှင့် ရေမြေထိန်းသိမ်းမှု လိုအပ်ချက်စသည့် အချက်အလက်များကို အခြေခံပြီး အလုပ်တိုက်နယ်များဖွဲ့စည်းတည်ထောင်ပြီး စနစ်တကျစီမံအုပ်ချုပ် လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ အလုပ်တိုက်နယ်အလိုက် အုပ်ချုပ်လုပ်ကိုင်သွားမည့် လုပ်ငန်းများကို အသေးစိတ် ပြင်ဆင်ရေးဆွဲဖော်ပြထားပါသည်။

### ၉.၁ သစ်ထုတ်လုပ်ရေးသဘာဝတောများ

#### ၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

(၁) ရောင်းတန်းဝင်သစ်များ ထာဝစဉ် စဉ်ဆက်မပြတ်ထုတ်လုပ်ရေး၊

(၂) ပါဝင်ပင်များ အချိုးအစား ညီညွတ်၍ သဘာဝတောများ၏ တန်ဘိုးကို ထိန်းသိမ်းရေး၊

(၃) သဘာဝတောများ၏ ဂေဟစနစ်မျှတရေးနှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊

#### ၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ထာဝစဉ်ညီတောထွက်ရရှိရေး ရည်မှန်းချက်အပေါ် အခြေခံလျက်၊ မိုင်းဆတ်ခရိုင်အတွင်းရှိ သစ်ထုတ်လုပ်ရေးသဘာဝတောများကို၊ စနစ်တကျအုပ်ချုပ်လုပ်ကိုင်သွားရန်အတွက် ထုတ်လုပ်ရေးအလုပ်တိုက်နယ်တစ်ခုဖွဲ့စည်းပြီး၊ ခုတ်စဉ် (၃)ခု ခွဲ၍ စနစ်တကျ ဖွဲ့စည်းအုပ်ချုပ်သွားမည်ဖြစ်ပါသည်။ ခုတ်စဉ် (၃)ခု

အတွင်း သစ်ပင်ပေါက်ရောက်မှု အခြေအနေပေါ်မူတည်၍ သင့်တော်သော သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်၊ ခုတ်ပတ်နှင့်တောထွက် စသည်တို့ကို ချမှတ်ကျင့်သုံးသွားမည် ဖြစ်ပါသည်။ သစ်တောများ၏ မူလဂေဟစနစ် မပြတ်ရေးကို ဦးတည်လျှက် သစ်မထုတ်မီနှင့်သစ်ထုတ်ပြီး သစ်တောများ၏ သယံဇာတများကို စာရင်းကောက်ယူခြင်း ပြုလုပ်ပြီး လေ့လာဆန်းစစ် အုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ခုတ်စဉ်(III) အနားပေးတောများတွင် စီမံကိန်းကာလအတွင်း၌ နှစ်စဉ် ဓမ္မတာမျိုးဆက်ခြင်း(၁၀၀၀)ဧက၊ သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်း (၁၅၀)ဧကကို တောအဆင့်အတန်းမြင့်မားလာစေရေးအတွက် ဆောင်ရွက်သွားပါမည်။

## ၉.၁.၂.၁ ထုတ်လုပ်ရေး အလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်ကို သစ်ထုတ်လုပ်နိုင်သည့် သဘာဝတောများပေါက်ရောက်နေသော ကြိုးဝိုင်းတော(၃)ခု၊ (၄၃၃၇၉၇) ဧကကို ခုတ်စဉ် (I) အဖြစ်လည်းကောင်း၊ ကြိုးဝိုင်းတော(၁)ခု၊ (၂၄၄၂၇၈) ဧကကို ခုတ်စဉ်(II) အဖြစ်လည်းကောင်း၊ ကြိုးဝိုင်းတော(၂)ခု၊ ကြိုးပြင်ကာကွယ်တော(၂)ခု (၄၇၈၉၉၁)ဧကကို ခုတ်စဉ်(III) အနားပေးတောအဖြစ် လည်းကောင်း ဖွဲ့စည်းထားပါသည်။

### ၉.၁.၂.၁.၁ အလုပ်တိုက်နယ်နှင့် ခုတ်စဉ်များဖွဲ့စည်းခြင်း

မိုင်းဆတ်ခရိုင်အတွင်း ထုတ်လုပ်ရေးအလုပ်တိုက်နယ်တွင် နှစ်စဉ်တောထွက်ရရှိနိုင်မှုအလားအလာနှင့် စီမံခန့်ခွဲမှု လွယ်ကူရေးစသည့် အချက်များအပေါ်အခြေခံ၍ မိုင်းဆတ်ခရိုင်အတွင်း ခုတ်စဉ်(၃)ခုဖွဲ့စည်း၍ အုပ်ချုပ်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ ခုတ်စဉ်တွင် ခုတ်ပတ်အဖြစ် (၃၀)နှစ်သတ်မှတ်ပြီး ဧရိယာအကြမ်းဖျဉ်းတူညီသည့် နှစ်စဉ်ခုတ်ကွက် (၃၀)ကွက်ခွဲခြားပြီး ပင်ရေဖြင့် ပြန်လည်စစ်ဆေးသည့်စနစ် (Equal Area With Number Check)ကို အသုံးပြုဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အသေးစိတ်ကို ဇယား (၉-၁-၂-၁-၁) ဖြင့်ဖော်ပြအပ်ပါသည်။

## ထုတ်လုပ်ရေးအလုပ်တိုက်နယ် ခုတ်စဉ်ဖွဲ့စည်းခြင်း

ဇယား(၉.၁.၂.၁.၁)

| ခုတ်စဉ် | ကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တော | အကွက်အမှတ် | ဧရိယာ(ဧက | | မှတ်ချက် |
|---|---|---|---|---|---|
| | | | မူလဧရိယာ | အလုပ်တိုက်နယ် | |
| (၁) | (၂) | (၃) | (၅) | (၆) | (၇) |
| I | မိုင်းကန် (ဝိုင်း) | | ၁၆၂၃၇၄ | ၁၃၄၈၉၈ | |
| | မဲကင်ဂူ (ဝိုင်း) | | ၁၃၇၅၇၁ | ၁၃၀၇၈၆ | |
| | နမ့်ဆိုင် (ဝိုင်း) | | ၁၈၄၈၇၈ | ၁၆၈၁၁၃ | |
| | **ခုတ်စဉ်( I ) ပေါင်း** | | **၄၈၄၈၂၃** | **၄၃၃၇၉၇** | |
| II | လွယ်ပွတ် (ဝိုင်း) | | ၂၆၃၃၇၈ | ၂၄၄၂၇၈ | |
| | **ခုတ်စဉ်( II ) ပေါင်း** | | **၂၆၃၃၇၈** | **၂၄၄၂၇၈** | |
| III | နမ့်ညှင်း (ဝိုင်း) | | ၁၇၀၆၁၇ | ၁၆၃၆၆၆ | အနားပေးခုတ်စဉ် |
| | နမ့်ဆာကွန်း (ဝိုင်း) | | ၁၆၅၁၁၀ | ၁၆၄၉၈၀ | |
| | မယ်မိန်းမယ်ဖိန်း(ပြင်/ကာ) | | ၅၀၈၈၂ | ၅၀၈၈၂ | |
| | နမ့်ညှင်း (ပြင်/ကာ) | | ၁၁၇၄၆၃ | ၉၉၄၆၃ | |
| | **ခုတ်စဉ်( III)ပေါင်း** | | **၅၀၄၀၇၂** | **၄၇၈၉၉၁** | |
| | **ခုတ်စဉ်စုစုပေါင်း** | | **၁၂၅၂၂၇၃** | **၁၁၅၇၀၆၆** | |

ဇစ်မြစ်-မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

### ၉.၁.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှု အခြေအနေ

အလုပ်တိုက်နယ်တွင်ပါဝင်သည့် ခုတ်စဉ်များအတွင်းရှိကျွန်းနှင့်သစ်မာတို့၏ ပေါက်ရောက်မှုအခြေအနေများကို ဇယား(၉-၁-၂-၁-၁-၁) တွင် ခုတ်စဉ်အလိုက် ဖော်ပြထားပါသည်။

# မိုင်းဆတ်ခရိုင်၊ ထုတ်လုပ်ရေးအလုပ်တိုက်နယ်
# သစ်ပင်ပေါက်ရောက်မှုအခြေအနေ

ခုတ်စဉ် - ( I ) (ပင်ထောင်ဇယား) ဇယား - (၉-၁-၂-၁-၁-၁)

ကြိုးဝိုင်းအမည် - (နမ့်ဆိုင်၊ မဲကင်ဂူ၊ မိုင်းကန်) ဧရိယာ - (၄၃၃၇၉၇) ဧက

ပင်ရေ

| သစ်မျိုး/ အုပ်စု | ၂'၀"မှ ၂'၅" | ၂'၆"မှ ၂'၁၁" | ၃'၀"မှ ၃'၅" | ၃'၆"မှ ၃'၁၁" | ၄'၀"မှ ၄'၅" | ၄'၆"မှ ၄'၁၁" | ၅'၀"မှ ၅'၅" | ၅'၆"မှ ၅'၁၁" | ၆'၀"မှ ၆'၅" | ၆'၆"မှ ၆'၁၁" | ၇'၀"မှ ၇'၅"မှ | ၇'၆"မှ ၇'၁၁" | ၈'နှင့် အထက် | ပေါင်း | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကျွန်း | ၁၂၁,၅၆၀ | ၁၂၁,၅၆၀ | ၃၃,၈၇၀ | ၂၁,၇၁၄ | ၀ | ၀ | ၁၂,၁၅၆ | ၀ | ၁၂,၁၅၆ | ၀ | ၀ | ၀ | ၀ | ၃၂၃,၀၁၆ | ၃.၃၉ |
| အုပ်စု (၁) | ၁,၁၀၄,၆၂၄ | ၆၁၁,၄၂၄ | ၄၈၈,၅၁၇ | ၂၅၈,၃၈၇ | ၄၁၂,၅၆၆ | ၁၀၁,၁၉၃ | ၅၀,၈၀၅ | ၄,၇၇၉ | ၉,၅၅၈ | ၁၂,၁၄၁ | ၁၉,၁၃၁ | ၄,၇၇၉ | ၄,၇၇၉ | ၃,၀၈၂,၆၈၃ | ၃၂.၄၁ |
| အုပ်စု (၂) | ၁,၃၂၈,၅၃၃ | ၉၀၃,၀၇၂ | ၄၈၇,၅၈၇ | ၁၁၃,၇၆၆ | ၁၁၈,၁၂၈ | ၂၁,၇၁၄ | ၄၀,၈၃၀ | ၂၆,၄၉၃ | ၀ | ၀ | ၀ | ၀ | ၀ | ၃,၀၄၀,၁၂၃ | ၃၁.၉၆ |
| အုပ်စု (၃) | ၅၈၇,၅၂၉ | ၃၆၄,၇၇၆ | ၃၂၄,၈၇၆ | ၇၉,၀၆၂ | ၁၄၁,၆၀၆ | ၅၂,၅၆၉ | ၅၇,၇၆၅ | ၉,၅၅၈ | ၄,၇၇၉ | ၇,၁၆၈ | ၀ | ၀ | ၀ | ၁,၆၂၉,၆၈၈ | ၁၇.၂၆ |
| အုပ်စု (၄) | ၁၀၁,၁၉၃ | ၈၇,၂၇၃ | ၇၅,၁၀၇ | ၂၄,၃၁၂ | ၆၇,၇၄၀ | ၂၉,၀၉၁ | ၂၆,၄၉၃ | ၀ | ၃,၆၈၁ | ၀ | ၃,၆၈၁ | ၂,၃၉၇ | ၀ | ၄၂၀,၉၇၈ | ၄.၅၅ |
| အုပ်စု (၅) | ၄၄၇,၆၈၇ | ၁၇၅,၈၉၃ | ၁၄၉,၈၁၇ | ၅၂,၉၈၆ | ၅၇,၇၆၅ | ၄၀,၈၃၀ | ၃၀,၂၇၂ | ၂၆,၄၉၃ | ၄,၇၉၄ | ၀ | ၄,၇၇၉ | ၀ | ၀ | ၉၉၂,၃၁၆ | ၁၀.၄၃ |
| ပေါင်း | ၃,၆၉၁,၁၂၆ | ၂,၂၆၃,၉၉၈ | ၁,၅၅၉,၇၈၄ | ၅၅၀,၂၂၇ | ၇၉၇,၈၀၅ | ၂၄၅,၃၉၇ | ၂၁၉,၃၂၁ | ၆၇,၃၂၃ | ၃၄,၉၆၈ | ၁၉,၃၀၉ | ၂၇,၅၉၁ | ၇,၁၇၆ | ၄,၇၇၉ | ၉,၄၈၈,၈၀၄ | ၁၀၀.၀၀ |

ဇစ်မြစ်- မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

ခုတ်စဉ် - ( I ) (ထုထည်ဇယား) ဇယား - (၉-၁-၂-၁-၁-၁)

ကြိုးဝိုင်းအမည် - (နမ့်ဆိုင်၊ မဲကင်ဂူ၊ မိုင်းကန်) ဧရိယာ - (၄၃၃၇၉၇) ဧက

ကုဗတန်

| သစ်မျိုး/ အုပ်စု | ၂'၀"မှ ၂'၅" | ၂'၆"မှ ၂'၁၁" | ၃'၀"မှ ၃'၅" | ၃'၆"မှ ၃'၁၁" | ၄'၀"မှ ၄'၅" | ၄'၆"မှ ၄'၁၁" | ၅'၀"မှ ၅'၅" | ၅'၆"မှ ၅'၁၁" | ၆'၀"မှ ၆'၅" | ၆'၆"မှ ၆'၁၁" | ၇'၀"မှ ၇'၅"မှ | ၇'၆"မှ ၇'၁၁" | ၈'နှင့် အထက် | ပေါင်း | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကျွန်း | ၁၀,၃၅၈ | ၁၉,၁၇၄ | ၇,၃၈၈ | ၆,၇၄၉ | ၀ | ၀ | ၆,၉၂၇ | ၀ | ၁၃,၈၂၇ | ၀ | ၀ | ၀ | ၀ | ၆၄,၄၂၃ | ၃.၂၉ |
| အုပ်စု (၁) | ၇၁,၇၁၄ | ၆၇,၁၅၂ | ၈၃,၉၆၅ | ၆၅,၇၆၃ | ၁၅၅,၉၃၉ | ၅၂,၁၃၀ | ၆၁,၆၀၂ | ၄၁,၂၁၅ | ၁၀,၆၅၇ | ၂၂,၄၆၂ | ၂၆,၅၈၇ | ၈,၆၆၀ | ၁၁,၅၅၉ | ၆၇၉,၄၀၆ | ၃၄.၇၂ |
| အုပ်စု (၂) | ၁၃၄,၂၃၆ | ၁၄၅,၆၆၀ | ၁၂၀,၂၆၆ | ၃၆,၃၃၁ | ၄၈,၀၃၆ | ၁၄,၆၈၉ | ၂၈,၇၄၃ | ၂၂,၉၉၂ | ၀ | ၀ | ၀ | ၀ | ၀ | ၅၅၁,၉၅၃ | ၂၈.၂၂ |
| အုပ်စု (၃) | ၄၀,၆၈၈ | ၄၁,၆၃၆ | ၅၉,၀၃၉ | ၂၀,၁၅၇ | ၅၈,၂၆၅ | ၂၈,၂၄၃ | ၄၂,၅၆၂ | ၈,၉၅၉ | ၄,၉၀၃ | ၂၀,၇၁၀ | ၉,၄၄၆ | ၀ | ၀ | ၃၃၅,၆၀၈ | ၁၇.၁၅ |
| အုပ်စု (၄) | ၆,၈၃၆ | ၁၀,၄၁၇ | ၁၂,၄၂၅ | ၅,၅၉၈ | ၂၅,၉၂၅ | ၁၄,၆၀၉ | ၁၈,၇၅၇ | ၀ | ၅,၇၇၄ | ၀ | ၂၇,၈၁၁ | ၀ | ၀ | ၁၂၇,၉၅၂ | ၆.၅၄ |
| အုပ်စု (၅) | ၂၉,၈၃၃ | ၁၉,၈၂၀ | ၂၇,၁၀၄ | ၁၃,၆၇၆ | ၂၂,၆၅၁ | ၁၈,၃၈၀ | ၂၀,၈၁၁ | ၁၉,၇၅၅ | ၀ | ၀ | ၇,၉၉၅ | ၀ | ၁၆,၂၆၇ | ၁၉၇,၂၉၂ | ၁၀.၀၈ |
| ပေါင်း | ၂၉၃,၆၆၅ | ၃၀၃,၈၅၉ | ၃၁၁,၁၈၇ | ၁၄၉,၂၇၄ | ၃၁၀,၈၁၆ | ၁၂၈,၀၅၁ | ၁၈၀,၄၀၂ | ၉၂,၉၂၁ | ၃၄,၉၆၁ | ၄၃,၁၇၂ | ၇၁,၈၃၉ | ၈,၆၆၀ | ၂၇,၈၂၆ | ၁,၉၅၆,၆၃၄ | ၁၀၀.၀၀ |

ဇစ်မြစ်- မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

# မိုင်းဆတ်ခရိုင်၊ ထုတ်လုပ်ရေးအလုပ်တိုက်နယ်
# သစ်ပင်ပေါက်ရောက်မှုအခြေအနေ

ခုတ်စဉ် - ( II )

(ပင်ထောင်ဇယား)

ဇယား - (၉-၁-၂-၁-၁-၁)

ကြိုးဝိုင်းအမည် - ( လွယ်ပွတ် )

ဧရိယာ - (၂၄၄၂၇၈) ဧက

ပင်ရေ

| သစ်မျိုး/ အုပ်စု | ၂'၀" မှ ၂' ၅" | ၂' ၆" မှ ၂'၁၁" | ၃'၀" မှ ၃' ၅" | ၃' ၆" မှ ၃'၁၁" | ၄'၀" မှ ၄' ၅" | ၄' ၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅' ၆" မှ ၅'၁၁" | ၆'၀" မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀" မှ ၇'၅" မှ | ၇'၆" မှ ၇'၁၁" | ၈' နှင့် အထက် | ပေါင်း | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကျွန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀.၀၀ |
| အုပ်စု (၁) | ၂၃၀,၅၃၅ | ၂၆၆,၃၉၆ | ၁၃၃,၁၉၈ | ၄၀,၉၈၄ | ၅၁,၂၃၀ | ၂၅,၆၁၅ | ၅,၁၅၂ | ၀ | ၅,၁၂၃ | ၀ | ၀ | ၀ | ၀ | ၇၅၈,၂၃၃ | ၃၃.၂၂ |
| အုပ်စု (၂) | ၉၂,၂၁၄ | ၄၀,၉၈၄ | ၄၀,၉၈၄ | ၂၀,၄၉၂ | ၃၅,၈၆၁ | ၇၆,၈၄၅ | ၄၀,၉၈၄ | ၄၀,၉၈၄ | ၁၅,၃၆၉ | ၁၀,၂၄၆ | ၅,၁၂၃ | ၀ | ၀ | ၄၂၀,၀၈၆ | ၁၈.၄၁ |
| အုပ်စု (၃) | ၁၅၃,၆၉၀ | ၉၇,၃၃၇ | ၁၄၃,၄၄၄ | ၄၆,၁၀၇ | ၄၀,၉၈၄ | ၁၅,၃၆၉ | ၂၅,၆၁၅ | ၅,၁၂၃ | ၂,၅၆၂ | ၀ | ၀ | ၅,၁၂၃ | ၀ | ၅၃၅,၃၅၄ | ၂၃.၄၆ |
| အုပ်စု (၄) | ၁၀,၂၄၆ | ၅,၁၂၃ | ၂၀,၄၉၂ | ၁၀,၂၄၆ | ၅,၁၂၃ | ၀ | ၁၀,၂၄၆ | ၀ | ၅,၁၂၃ | ၀ | ၀ | ၀ | ၀ | ၆၆,၅၉၉ | ၂.၉၂ |
| အုပ်စု (၅) | ၂၃၀,၅၃၅ | ၁၀၂,၄၆၀ | ၁၀၇,၅၈၃ | ၁၀,၂၄၆ | ၃၀,၇၃၈ | ၅,၁၂၃ | ၀ | ၁၀,၂၄၆ | ၅,၁၂၃ | ၀ | ၀ | ၀ | ၀ | ၅၀၂,၀၅၄ | ၂၂.၀၀ |
| စုစုပေါင်း | ၇၁၇,၂၂၀ | ၅၁၂,၃၀၀ | ၄၄၅,၇၀၁ | ၁၂၈,၀၇၅ | ၁၆၃,၉၃၆ | ၁၂၂,၉၅၂ | ၈၁,၉၉၇ | ၅၆,၃၅၃ | ၃၃,၃၀၀ | ၁၀,၂၄၆ | ၅,၁၂၃ | ၅,၁၂၃ | ၀ | ၂,၂၈၂,၃၂၆ | ၁၀၀.၀၀ |

ဇစ်မြစ်- မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

ခုတ်စဉ် - ( II )

(ထုထည်ဇယား)

ဇယား - (၉-၁-၂-၁-၁-၁)

ကြိုးဝိုင်းအမည် - ( လွယ်ပွတ် )

ဧရိယာ - (၂၄၄၂၇၈) ဧက

ကုဗတန်

| သစ်မျိုး/ အုပ်စု | ၂'၀" မှ ၂'၅" | ၂'၆" မှ ၂'၁၁" | ၃'၀" မှ ၃'၅" | ၃' ၆" မှ ၃'၁၁" | ၄'၀" မှ ၄'၅" | ၄'၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅' ၆" မှ ၅'၁၁" | ၆'၀" မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀" မှ ၇'၅" မှ | ၇'၆" မှ ၇'၁၁" | ၈' နှင့် အထက် | ပေါင်း | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကျွန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု (၁) | ၂၀,၀၂၀ | ၃၈,၅၃၉ | ၃၂,၁၇၁ | ၁၃,၃၆၄ | ၂၁,၉၇၅ | ၁၂,၆၅၇ | ၅,၀၅၂ | ၀ | ၅,၀၃၆ | ၀ | ၀ | ၀ | ၀ | ၁၄၈,၈၁၄ | ၂၁.၈၈ |
| အုပ်စု (၂) | ၉,၂၄၀ | ၆,၁၄၈ | ၈,၆၅၆ | ၅,၉၈၃ | ၂၂,၀၉၆ | ၆၀,၈၀၁ | ၃၆,၈၆၃ | ၅၀,၈၀၆ | ၁၇,၃၀၂ | ၁၉,၄၈၆ | ၁၁,၇၄၆ | ၀ | ၀ | ၂၄၉,၁၂၇ | ၃၆.၆၄ |
| အုပ်စု (၃) | ၁၃,၄၃၄ | ၁၂,၆၂၁ | ၂၇,၃၄၈ | ၁၃,၇၁၄ | ၁၇,၉၇၁ | ၁၀,၀၆၉ | ၁၆,၀၀၆ | ၄,၄၄၈ | ၁၀,၈၅၈ | ၀ | ၀ | ၁၀,၂၇၉ | ၀ | ၁၃၆,၇၄၈ | ၂၀.၁၁ |
| အုပ်စု (၄) | ၁,၂၁၂ | ၉၅၆ | ၄,၇၉၄ | ၄,၂၃၀ | ၂,၉၃၀ | ၀ | ၉,၅၄၅ | ၀ | ၇,၀၉၀ | ၀ | ၁၂,၂၉၉ | ၀ | ၀ | ၄၃,၀၅၆ | ၆.၃၃ |
| အုပ်စု (၅) | ၂၁,၄၃၀ | ၁၃,၄၅၆ | ၂၃,၅၂၅ | ၄,၀၂၆ | ၁၂,၂၇၇ | ၃,၈၀၈ | ၀ | ၁၀,၀၈၈ | ၁၃,၆၆၅ | ၀ | ၀ | ၀ | ၀ | ၁၀၂,၂၇၅ | ၁၅.၀၄ |
| စုစုပေါင်း | ၆၅,၃၃၆ | ၇၁,၇၂၀ | ၉၆,၄၉၄ | ၄၁,၃၁၇ | ၇၇,၂၄၉ | ၈၇,၃၃၅ | ၆၇,၄၆၆ | ၆၅,၃၄၂ | ၅၃,၉၅၁ | ၁၉,၄၈၆ | ၂၄,၀၄၅ | ၁၀,၂၇၉ | ၀ | ၆၈၀,၀၂၀ | ၁၀၀.၀၀ |

ဇစ်မြစ်- မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

# မိုင်းဆတ်ခရိုင်၊ ထုတ်လုပ်ရေးအလုပ်တိုက်နယ်
# သစ်ပင်ပေါက်ရောက်မှုအခြေအနေ

ခုတ်စဉ် - ( III ) **(ပင်ထောင်ဇယား)** ဇယား - (၉-၁-၂-၁-၁-၁)

ကြိုးဝိုင်းအမည် - (နမ့်ညှင်း၊ နမ့်ဆာကွန်း၊ မယ်မိန်းမယ်ဖိန်း(ပြင်/ကာ)၊နမ့်ညှင်း(ပြင်/ကာ) ဧရိယာ (၄၇၈၉၉၁) ဧက

ပင်ရေ

| သစ်မျိုး/ အုပ်စု | ၂'၀" မှ ၂' ၅" | ၂' ၆" မှ ၂'၁၁" | ၃'၀" မှ ၃' ၅" | ၃' ၆" မှ ၃'၁၁" | ၄'၀" မှ ၄' ၅" | ၄' ၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅' ၆" မှ ၅'၁၁" | ၆'၀" မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀" မှ ၇'၅" မှ | ၇'၆" မှ ၇'၁၁" | ၈' နှင့် အထက် | ပေါင်း | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကျွန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု (၁) | ၁၂,၁၁၄ | ၃၆,၃၄၄ | ၀ | ၀ | ၀ | ၀ | ၁၂,၁၁၄ | ၀ | ၀ | ၁၂,၁၁၄ | ၀ | ၀ | ၀ | ၇၂,၆၈၆ | ၁.၁၂ |
| အုပ်စု (၂) | ၄၈,၄၆၀ | ၇၂,၆၈၉ | ၁၂,၁၁၄ | ၃၆,၃၄၄ | ၃၆,၃၄၄ | ၁၂,၁၁၄ | ၀ | ၁၂,၁၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၂၃၀,၁၇၉ | ၃.၅၄ |
| အုပ်စု (၃) | ၁,၁၃၈,၈၇၁ | ၉၂၀,၇၈၇ | ၆၇၈,၄၇၅ | ၃၇၅,၅၈၃ | ၃၆၃,၄၆၅ | ၉၆,၉၂၁ | ၄၈,၄၅၉ | ၃၆,၃၄၄ | ၁၂,၁၁၄ | ၂၄,၂၂၉ | ၁၂,၁၁၄ | ၀ | ၁၂,၁၁၄ | ၃,၇၁၉,၄၇၆ | ၅၇.၁၇ |
| အုပ်စု (၄) | ၃၆,၃၄၄ | ၀ | ၂၄,၂၂၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၆၀,၅၇၃ | ၀.၉၃ |
| အုပ်စု (၅) | ၅၂၀,၉၆၉ | ၅၅၇,၃၁၂ | ၃၇၅,၅၇၇ | ၂၄၂,၃၀၇ | ၂၃၀,၁၉၃ | ၁၅၇,၅၀၀ | ၉၆,၉၂၁ | ၄၈,၄၆၁ | ၃၆,၃၄၄ | ၄၈,၄၆၁ | ၂၄,၂၂၉ | ၁၂,၁၁၄ | ၇၂,၆၉၁ | ၂,၄၂၃,၀၇၉ | ၃၇.၂၄ |
| | ၁,၇၅၆,၇၅၈ | ၁,၅၈၇,၁၃၂ | ၁,၀၉၀,၃၉၅ | ၆၅၄,၂၃၄ | ၆၃၀,၀၀၂ | ၂၆၆,၅၃၅ | ၁၅၇,၄၉၄ | ၉၆,၉၁၉ | ၄၈,၄၅၈ | ၈၄,၈၀၄ | ၃၆,၃၄၃ | ၁၂,၁၁၄ | ၈၄,၈၀၅ | ၆,၅၀၅,၉၉၃ | ၁၀၀.၀၀ |

ဇစ်မြစ်- မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန



ခုတ်စဉ် - ( III ) **(ထုထည်ဇယား)** ဇယား - (၉-၁-၂-၁-၁-၁)

ကြိုးဝိုင်းအမည် - (နမ့်ညှင်း၊ နမ့်ဆာကွန်း၊ မယ်မိန်းမယ်ဖိန်း(ပြင်/ကာ)၊နမ့်ညှင်း(ပြင်/ကာ) ဧရိယာ (၄၇၈၉၉၁) ဧက

ကုဗတန်

| သစ်မျိုး/ အုပ်စု | ၂'၀" မှ ၂'၅" | ၂'၆" မှ ၂'၁၁" | ၃'၀" မှ ၃'၅" | ၃' ၆" မှ ၃'၁၁" | ၄'၀" မှ ၄'၅" | ၄'၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅' ၆" မှ ၅'၁၁" | ၆'၀" မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀" မှ ၇'၅" မှ | ၇'၆" မှ ၇'၁၁" | ၈' နှင့် အထက် | ပေါင်း | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကျွန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု (၁) | ၇၇၇ | ၅,၅၀၇ | ၀ | ၀ | ၀ | ၀ | ၇,၆၂၈ | ၀ | ၀ | ၁၃,၄၄၁ | ၀ | ၀ | ၀ | ၂၇,၃၅၃ | ၁.၃၃ |
| အုပ်စု (၂) | ၄,၀၆၆ | ၉,၆၉၁ | ၂,၇၃၈ | ၁၀,၇၈၆ | ၁၆,၂၃၉ | ၇,၂၁၀ | ၀ | ၆,၁၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၅၆,၈၇၃ | ၂.၇၇ |
| အုပ်စု (၃) | ၈၂,၁၆၈ | ၁၁၂,၈၆၁ | ၁၂၄,၈၈၉ | ၁၀၃,၅၅၉ | ၁၃၅,၇၆၆ | ၄၃,၁၆၈ | ၂၇,၃၁၆ | ၂၄,၂၁၅ | ၁၂,၃၅၈ | ၃၂,၂၂၀ | ၁၉,၃၉၇ | ၀ | ၃၇,၅၄၂ | ၇၅၅,၄၅၉ | ၃၆.၈၀ |
| အုပ်စု (၄) | ၂,၁၃၄ | ၀ | ၄,၅၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၆,၇၃၃ | ၀.၃၃ |
| အုပ်စု (၅) | ၃၇,၆၂၈ | ၆၄,၂၄၀ | ၆၇,၂၃၉ | ၆၃,၈၀၇ | ၈၃,၂၂၂ | ၈၃,၇၄၁ | ၇၁,၆၂၃ | ၅၀,၂၃၅ | ၄၇,၀၀၃ | ၈၃,၀၄၈ | ၅၁,၆၃၄ | ၃၅,၅၂၃ | ၄၆၇,၆၇၇ | ၁,၂၀၆,၆၂၀ | ၅၈.၇၇ |
| ပေါင်း | ၁၂၆,၇၇၃ | ၁၉၂,၂၉၉ | ၁၉၉,၄၆၅ | ၁၇၈,၁၅၂ | ၂၃၅,၂၂၇ | ၁၃၄,၁၁၉ | ၁၀၆,၅၆၇ | ၈၀,၅၉၃ | ၅၉,၃၆၁ | ၁၂၈,၇၀၉ | ၇၁,၀၃၁ | ၃၅,၅၂၃ | ၅၀၅,၂၁၉ | ၂,၀၅၃,၀၃၈ | ၁၀၀.၀၀ |

ဇစ်မြစ်- မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

## ၉.၁.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်

ခရိုင်အတွင်းရှိ သဘာဝတောများကို မြန်မာ့ရွေးချယ်ခြင်းနည်းစနစ်ဖြင့် ဆက်လက်ကျင့်သုံး အုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ရောင်းတန်းဝင် သစ်မာမျိုးများ၏ ကြီးထွားမှုနှင့် ရှင်သန်ပေါက်ရောက်မှု ပိုမိုကောင်းမွန်ရန်၊ မျိုးဆက်ပင်များကိုပိုမိုတိုးပွားရန်နှင့် ထုတ်ယူသုံးစွဲနိုင်သည့်အပင်များ၏ အရေအတွက် ပိုမိုများပြားလာစေရန် သဘာဝတောများတွင် ဓမ္မတာမျိုးဆက်ခြင်းများကို အားပေးသည့် အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း၊ နွယ်ဖြတ် ညောင်ပတ်လှဲခြင်း၊ ကျန်းမာသန်စွမ်းသော အပင်အချို့အား မျိုးပင်အဖြစ်ထားရှိခြင်းစသည့် လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သဘာဝတောများမှ သစ်ထုတ်ယူရာတွင် သတ်မှတ်ထားသည့် ကန့်သတ်လုံးပတ် အတန်းအစားပြည့်မီသည့် အပင်များကိုသာ ပင်ထောင်ရွေးချယ်ရိုက်မှတ်ခြင်းလုပ်ငန်းကို ညွှန်ကြားချက်များနှင့်အညီ တိကျစွာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြန်မာ့ရွေးချယ်ခြင်းစနစ်သည် ကန့်သတ်လုံးပတ် အတန်းအစားပြည့်မီ အပင်များကိုသာ ရွေးချယ်ထုတ်ယူသုံးစွဲသည့် နည်းစနစ်ဖြစ်သဖြင့် သဘာဝဝန်းကျင် ပျက်စီးမှုနည်းသည့် ထုတ်ယူခြင်းစနစ် (Least Impact Logging System) တစ်ခုလည်း ဖြစ်ပါသည်။

### ၉.၁.၂.၁.၁.၃ခုတ်ပတ်

ခုတ်စဉ်တစ်ခုပြီးမြောက်သည်အထိ ဆောင်ရွက်မည့် အချိန်ကာလဖြစ်သော ခုတ်ပတ်ကို နှစ် ၃၀ သတ်မှတ်ပါသည်။

### ၉.၁.၂.၁.၁.၄ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

သစ်မျိုးအလိုက် ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား (Girth Limit)ရင်စို့လုံးပတ်များသတ်မှတ်ထားရာ (ကျွန်း)သစ်မျိုးအတွက် ၆'၆"၊ သစ်မာအုပ်စု (၁) နှင့် (၂)အတွက် ၆'နှင့် အခြားသစ်မာအုပ်စုများအတွက် ၅'တို့ ဖြစ်ကြပါသည်။ သစ်မျိုးအလိုက် ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား (ရင်စို့လုံးပတ်) ကို ခုတ်စဉ်အလိုက် ဇယား (၉-၁-၂-၁-၁-၄) တွင် ဖော်ပြထားပါသည်။

## မိုင်းဆတ်ခရိုင်အတွင်းခုတ်စဉ်အလိုက်ပါဝင်သော ကြိုးဝိုင်း၊ အကွက်အမှတ်၊ ဧရိယာနှင့် သစ်မျိုးအလိုက် ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

ဇယား(၉-၁-၂-၁-၁-၄)

| ခုတ်စဉ် | ကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တော | အကွက် အမှတ် | ဧရိယာ (ဧက) | ထုတ်လုပ်ခွင့်ပြုသည့်အရွယ် | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | သစ်မျိုး | လုံးပတ် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| I | မိုင်းကန် (ဝိုင်း)<br>မဲကင်ဂူ (ဝိုင်း)<br>နမ့်ဆိုင် (ဝိုင်း) | | ၁၃၄၈၉၈<br>၁၃၀၇၈၆<br>၁၆၈၁၁၃ | ကျွန်း<br>ပျဉ်းကတိုး၊သင်္ကန်း<br>ပိတောက်၊သစ်ယာ<br>အင်ကြင်း၊ သင်းဝင်<br>ထောက်ကြံ့၊အင်<br>ယင်းမာ၊ယင်းတိုက် | ၆' ၆"<br>၆' ၀"<br>၆' ၀"<br>၆' ၀"<br>၆' ၀"<br>၆' ၀" | |
| | **ခုတ်စဉ်( I ) ပေါင်း** | | **၄၃၃၇၉၇** | | | |
| II | လွယ်ပွတ် (ဝိုင်း) | | ၂၄၄၂၇၈ | ။ | ။ | |
| | **ခုတ်စဉ်( II ) ပေါင်း** | | **၂၄၄၂၇၈** | | | |
| III | နမ့်ညှင်း (ဝိုင်း)<br>နမ့်ဆာကွန်း (ဝိုင်း)<br>မယ်မိန်းမယ်ဖိန်း(ပြင်/ကာ)<br>နမ့်ညှင်း (ပြင်/ကာ) | | ၁၆၃၆၆၆<br>၁၆၄၉၈၀<br>၅၀၈၈၂<br>၉၉၄၆၃ | -<br>-<br>-<br>- | -<br>-<br>-<br>- | အနား ပေး ခုတ် စဉ် |
| | **ခုတ်စဉ်( III)ပေါင်း** | | **၄၇၈၉၉၁** | - | - | |
| | **ခုတ်စဉ်စုစုပေါင်း** | | **၁၁၅၇၀၆၆** | | | |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

### ၉.၁.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်း

စီမံကိန်းကာလအတွင်း နှစ်စဉ်ထုတ်လုပ်သုံးစွဲနိုင်မည့် တောထွက် (Annual Allowable Cut-AAC)ကို ၂၀၁၅-၂၀၁၆ ခုနှစ် (One short inventory) သစ်တောသယံဇာတ စာရင်းကောက်ခြင်းမှ ကောက်ယူထားသော ကိန်းဂဏန်းများကို အခြေခံပြီး တွက်ချက်ထားပါသည်။ နှစ်စဉ်တောထွက် တွက်ချက်ရာတွင် အောက်ပါ ပုံသေနည်းကို အသုံးပြုပါသည်။

$$\text{နှစ်စဉ်တောထွက်} = \frac{\text{လုံးပတ်အတန်းအစား II} + (၂\times \text{လုံးပတ်အတန်းအစား I})}{၆၀}$$

မိုင်းဆတ်ခရိုင်အတွင်း ကျွန်းနှစ်စဉ် တောထွက်အဖြစ် ရင်စို့လုံးပတ် ၆' ၆" နှင့်အထက် အပင်အားလုံးကို အတန်းအစား I အဖြစ်လည်း

ကောင်း၊ ကျွန်း ၅' ၀"မှ ၆' ၅"အထိ အပင်များကို အတန်းအစား II အဖြစ် လည်းကောင်း တွက်ချက်ထားပါသည်။ သစ်မာအုပ်စုများ အတွက် ရင်စို့လုံးပတ် ၆'၀" နှင့် အထက်အပင်အားလုံးကို အတန်းအစား I အဖြစ်လည်းကောင်း ၊ ၅' မှ ၅' ၁၁"အထိ အပင်များကို အတန်းအစား II အဖြစ်လည်းကောင်း တွက်ချက် ဖော်ပြထားပါသည်။

အတန်းအစား I ၏ ရှင်သန်မှုရာခိုင်နှုန်း = ၉၅ %

အတန်းအစား II ၏ ရှင်သန်မှုရာခိုင်နှုန်း = ၉၀ %

မိုင်းဆတ်ခရိုင်အတွင်း ခုတ်စဉ်အလိုက် နှစ်စဉ်ကျွန်းနှင့် သစ်မာတောထွက်ကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

သစ်မျိုးအုပ်စုအလိုက် ထုတ်လုပ်နိုင်သည့် နှစ်စဉ်တောထွက်

ဇယား(၉-၁-၂-၁-၁-၅)

**(ပင်ရေ)**

| စဉ် | ခုတ်စဉ် | ကျွန်း | သစ်မာအုပ်စု | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | I | II | III | IV | V | ပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| ၁။ | **ခုတ်စဉ် (I)** | ၀ | ၂၄၃၀ | ၁၀၁၀ | ၁၃၉၀ | ၇၀၀ | ၁၂၄၀ | ၆၇၇၀ | |
| ၂။ | **ခုတ်စဉ် (II)** | ၀ | ၂၄၀ | ၂၂၀၀ | ၇၀၀ | ၃၂၀ | ၃၁၀ | ၃၇၇၀ | |
| ၃။ | **ခုတ်စဉ် (III)** | – | – | – | – | – | – | – | အနားပေး |
| **ပေါင်း** | | **၀** | **၂၆၇၀** | **၃၂၁၀** | **၂၀၉၀** | **၁၀၂၀** | **၁၅၅၀** | **၁၀၅၄၀** | |

ဇစ်မြစ် - ၂၀၁၅ ခုနှစ် One Short Inventory Data

မိုင်းဆတ်ခရိုင်၏ ကျွန်းနှစ်စဉ်တောထွက်မှာ (၀) ပင် ဖြစ်ပြီး သစ်မာနှစ်စဉ်တောထွက်မှာ(၁၀၅၄၀)ပင်ဖြစ်ပါသည်။

### ၉.၁.၂.၁.၁.၆ သစ်မထုတ်မီသစ်တောသယံဇာတစာရင်းကောက်ယူခြင်း

နှစ်စဉ်တောထွက်ကို ပိုမိုတိကျစွာ ခန့်မှန်းနိုင်ရေးအတွက် သစ်ထုတ်လုပ်မည့် နှစ်စဉ်ခုတ်ကွက်များတွင် သစ်မထုတ်မီ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းလုပ်ငန်းကို (၁) နှစ် ကြိုတင်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ရည်ရွယ်ချက်များ**

၁။ သစ်မထုတ်မီတော၏အခြေအနေကိုသိရှိရန်၊

၂။ နှစ်စဉ်တောထွက်ကို စနစ်တကျ အမှန်ကန်ဆုံး ခန့်မှန်းနိုင်ရန်၊
၃။သင့်လျှော်သော ခုတ်လှဲခြင်းစနစ်ကို သတ်မှတ်နိုင်ရန်တို့ ဖြစ်ပါသည်။

မိုင်းဆတ်ခရိုင်ရှိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော အများစုမှာ လုံခြုံမှုအရသွားလာရန်ခက်ခဲသော ဒေသများဖြစ်ပြီး Management Plan အတွက် အရေးပေါ်လိုအပ်သော ကိန်းဂဏန်းများရရှိရန် One Shot Inventory ကို အသုံးပြုပါသည်။ ဦးစီးရုံးချုပ်၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန၊ GIS Section မှ ရရှိသော Forest Resource Assessment (FRA) 2015 အရ ရွက်အုပ်ပိတ်၊ ရွက်အုပ်ပွင့်တောများအား ဦးစွာစိစစ်ပြီး မိုင်းဆတ်မြို့နယ်တွင် ရွက်အုပ်ပိတ်တော၌ Cluster (၁)ခု၊ ရွက်အုပ်ပွင့်တော၌ Cluster (၁)ခုနှင့် သစ်တောဧရိယာပိုမိုများပြားသည့် မိုင်းတုံမြို့နယ်တွင် ရွက်အုပ်ပိတ်တော၌ Cluster (၂)ခု၊ ရွက်အုပ်ပွင့်တော၌ Cluster (၂)ခု ချမှတ်ရွေးချယ်၍ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။ Cluster (၁)ကွက်တွင် အချင်းဝက်(၅၀)မီတာ စက်ဝိုင်းပုံ နမူနာကွက်(၉)ခု ပါရှိပြီး နမူနာကွက် တစ်ကွက်နှင့်တစ်ကွက်မှာ (၂၀၀၀)မီတာ ကွာဝေးပါသည်။

**၉.၁.၂.၁.၁.၇သစ်ထုတ်ပြီးသစ်တောသယံဇာတစာရင်းကောက်ယူခြင်း**

သစ်ထုတ်ပြီးကျန်ရှိသည့်တော၏ အခြေအနေကိုသိရှိရန် သစ်ထုတ်ပြီး သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း လုပ်ငန်းကို သစ်ထုတ်ပြီးသည့် နှစ်စဉ်ခုတ်ကွက်များတွင် အနည်းဆုံး (၁) နှစ်မှ (၃) နှစ်အတွင်း ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

**ရည်ရွယ်ချက်များ**

၁။ သစ်ထုတ်ပြီးတော၏အခြေအနေကိုသိရှိရန်၊

၂။ တောပျက်စီးမှုနှင့် ဓမ္မတာမျိုးဆက်မှု အခြေအနေများကို သိရှိပြီး သင့်လျော်သော သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်ကို ရွေးချယ်နိုင်ရန်၊

၃။ ဓမ္မတာနည်းအရ မျိုးဆက်ရန် လိုအပ်ပါက ဓမ္မတာမျိုးဆက်ခြင်း လုပ်ငန်းများကို သစ်ထုတ်ပြီး နှစ်စဉ်ခုတ်ကွက်များတွင်ပြန်လည် ဆောင်ရွက်သွားရန်၊

၄။ ဓမ္မတာမျိုးဆက်ခြင်း မရှိ(သို့)မလုံလောက်သည့် နေရာများတွင် ပဝတ္တိမျိုးဆက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန်၊

### ၉.၁.၂.၁.၁.၈အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ

ထုတ်လုပ်ရေးအလုပ်တိုက်နယ်အတွင်း ပါဝင်နေသည့် သစ်တော ဖုံးလွှမ်းလျက်ရှိသော အစိုးရမြေ (ကြိုးပြင်တော) များကို ကြိုးပြင်ကာကွယ်တောများအဖြစ် အမြန်ဆုံးအဆိုပြု တင်ပြသွားမည် ဖြစ်ပါသည်။ ၂၀၀၉ - ၂၀၁၀ ခုနှစ်မှ ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် M.P စနစ်ဖြင့် ထုတ်လုပ်ရန် ခွင့်ပြုခဲ့သည့်အတွက် ကျွန်းသင်းသတ်ခြင်း (ကျွန်းစို၊ ပင်ထောင်ရိုက်မှတ်ခြင်း လုပ်ငန်းများ)၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ဤကဲ့သို့ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် ကန့်သတ်လုံးပတ်များမမှီသောပင်ပျိုများ ပါလာနိုင်ခြင်းရှိမရှိမှာ သစ်ထုတ်လုပ်သော ကုမ္ပဏီများ၏ ရိုးသားစွာ လုပ်ကိုင်ဆောင်ရွက်မှုအပေါ် မူတည်ပါသည်။ ထို့အပြင် ပြုစုထိန်းသိမ်းရေး နည်းစနစ်များဖြစ်သည့် အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း၊ နွယ်ဖြတ် / ညောင်ပတ်လှဲခြင်း၊ ကြိုးဝိုင်း / အကွက် နယ်နိမိတ်ပြင်ဆင်ခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

## ၉.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ

### ၉.၂.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ

ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ မိုင်းဆတ်ခရိုင်အတွင်းရှိ မိုင်းတုံမြို့နယ်တွင် ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများကို အောက်ပါရည်ရွယ်ချက်များဖြင့် စိုက်ပျိုးတည်ထောင်လျက်ရှိပါသည်။

(၁) စက်မှုလုပ်ငန်းနှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ဂေဟစနစ်များမျှတမှုကို ပြန်လည်ရရှိစေရန်အတွက် တောပျက်များနှင့် ယာမြေများတွင် ဒေသနှင့်ကိုက်ညီသည့် ဘက်စုံသုံးအဖိုးတန်သစ်မျိုးများ စိုက်ပျိုးရန်။

(၂) ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်သော မြန်မာ့သစ်တောမူဝါဒ၊ မူဝါဒ သဘောထားကြေငြာချက် အပိုဒ်ခွဲ ၃-၃ တွင် ဖော်ပြချက်အရ စိုက်ခင်း သစ်တောများသည် သဘာဝသစ်တောများကို အစားထိုးနိုင်ချေ မရှိ ကြောင်းကို အသိအမှတ်ပြုလျှက်စိုက်ခင်းနှင့် သဘာဝသစ်တောများကို ညီညွတ်မျှတစွာ ပေါင်းစပ်သည့်နည်းဖြင့် နိုင်ငံတော်၏ သစ်တောသယံ ဇာတများကို အကျိုးအရှိဆုံး အသုံးချသွားနိုင်ရေးအတွက် ထုတ်လုပ်ရေး သစ်တောစိုက်ခင်းများ တည်ထောင်သွားရန်။

(၃) သဘာဝသစ်တောများကို ထိန်းသိမ်းကာကွယ် တန်ဘိုးမြှင့်ရာတွင် ပြည်တွင်းသစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းနှင့် ပြည်ပသို့ တန်ဘိုး

မြင့်သစ်တိုးမြင့်တင်ပို့ရောင်းချလျှက် တစ်ဖက်မှလည်း သဘာဝသစ်တော များကို ထိရောက်စွာ ထိန်းသိမ်းကာကွယ်နိုင်ရေး အထောက်အကူဖြစ်စေ ရန်အတွက် ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများကို သင့်တော်သည့်စိုက်ပျိုး ပြုစုရေးနည်းစနစ်များ အသုံးပြု၍ အတိုင်းအတာတစ်ခုအထိ စိုက်ပျိုး တည်ထောင်ရန်။

## ၉.၂.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ

မိုင်းဆတ်ခရိုင်အတွင်း တည်ထောင်ပြီးဖြစ်သော ထုတ်လုပ်ရေးသစ်တော စိုက်ခင်းများနှင့် နောင်တည်ထောင်မည့် ထုတ်လုပ်ရေး သစ်တောစိုက်ခင်းများ ကို စိုက်ခင်းများအလုပ်တိုက်နယ်နှင့် စိုက်ကွက်စဉ်များအဖြစ် ဖွဲ့စည်း၍ စနစ်တကျ ထိန်းသိမ်းအုပ်ချုပ် လုပ်ကိုင်သွားမည်ဖြစ်ပါသည်။စိုက်ခင်းများကို တောပျက်များ(Degraded Forests)နှင့် ဓမ္မတာမျိုးဆက်ခြင်း (Natural Regeneration)ဖြင့် မျိုးဆက်ရန်မလုံလောက်သည့်တောများတွင် တည်ထောင် ရန် ရည်ရွယ်ပါသည်။ စိုက်ခင်းဒေသမှန်ကန်စွာရွေးချယ်ခြင်း၊ ဒေသနှင့်သစ် မျိုး ကိုက်ညီမှု၊ သင့်လျော်သည့် သစ်တောစိုက်ပျိုးပြုစုနည်းစနစ်နှင့် သက်ပတ် ရွေးချယ်ခြင်း၊ ကြားဖြတ်နှင့်အပြီးသတ် တောထွက်တွက်ချက်ခြင်း စသည့် သစ်တောစိုက်ခင်းလုပ်ငန်းများ ဆောင်ရွက်လျက် အောင်မြင်စွာ တည်ထောင် လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

### ၉.၂.၂.၁ စိုက်ခင်းများအလုပ်တိုက်နယ်

ခရိုင်အတွင်းရှိ စီးပွားရေးစိုက်ခင်းများအားလုံးကို စုစည်း၍ စီးပွားရေး စိုက်ခင်းများ အလုပ်တိုက်နယ်အဖြစ် စိုက်ခင်းများ အလုပ်တိုက်နယ် (၁) ခု ဧရိယာ (၁၄၄၂၅) ဧက ဖွဲ့စည်းပြီး ဆောင်ရွက်လုပ်ကိုင်မည် ဖြစ်ပါသည်။

#### ၉.၂.၂.၁.၁ အလုပ်တိုက်နယ်နှင့် စိုက်ကွက်စဉ် ဖွဲ့စည်းမှု

မိုင်းဆတ်ခရိုင်အတွင်း တည်ထောင်ပြီးသည့် စီးပွားရေးစိုက်ခင်းများ အားလုံးပါဝင်သည့် စီးပွားရေးစိုက်ခင်းများ အလုပ်တိုက်နယ် တစ်ခု ဖွဲ့စည်း၍ စိုက်ကွက်စဉ်အဖြစ် စိုက်ကွက်စဉ် (I) (ကျွန်း) ကို လည်းကောင်း၊ ပုဂ္ဂလိကစိုက်ခင်းများ၏ အလုပ်တိုက်နယ် စိုက်ကွက် စဉ်(I) (သစ်မာမျိုးစုံ)၊ ပုဂ္ဂလိကစိုက်ခင်းများ အလုပ်တိုက်နယ် စိုက် ကွက်စဉ်(II) (ရာဘာ)၊ စိုက်ကွက်စဉ် (III) (အခြား) ကိုလည်းကောင်း ဖွဲ့စည်းထား ပါသည်။ စိုက်ကွက်စဉ်(I) (ကျွန်း) တွင် နှစ်စဉ် စိုက်ကွက် (၁၂)ကွက်ပါဝင်ပါသည်။ ပုဂ္ဂလိကစိုက်ခင်း (သစ်မာမျိုးစုံ) စိုက်ကွက်စဉ် (I) တွင် နှစ်စဉ်စိုက်ကွက် (၁)ကွက်၊ စိုက်ကွက်စဉ် (II) (ရာဘာ)တွင် နှစ်စဉ် စိုက်ကွက်(၁)ကွက်၊ စိုက်ကွက်စဉ်(III) (အခြား)တွင် နှစ်စဉ် စိုက်ကွက်(၁)ကွက် ပါဝင်ပါသည်။ မိုင်းဆတ်ခရိုင် အတွင်း ဖွဲ့စည်းထား

သော စိုက်ခင်းအလုပ်တိုက်နယ်များ၏ စိုက်ကွက်စဉ်အလိုက် နှစ်စဉ် စိုက်ကွက်၊ တည်ထောင်သည့်ခုနှစ်၊ တည်နေရာနှင့် ဧရိယာစာရင်းအား ဇယား(၉-၂-၂-၁-၁) တွင် ဖော်ပြအပ်ပါသည်။

## မိုင်းဆတ်ခရိုင် စိုက်ခင်းများအလုပ်တိုက်နယ်ဖွဲ့စည်းမှု

ဇယား (၉.၂.၂.၁.၁)

| စဉ် | စိုက်ခင်း အမျိုးအစား | ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တော/ ကြိုးပြင်တော | | စိုက်ခင်းဧရိယာ (ဧက) | | အနာဂတ် လျာထား | အလုပ်တိုက် နယ်ဧရိယာ (ဧက) |
|---|---|---|---|---|---|---|---|
| | | အမည် | ဧရိယာ (ဧက) | တည် ထောင်ပြီး | စီမံချက် လျာထား | (ဧက) | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁။ | စီးပွားရေး | နမ့်ဆိုင် (ဝိုင်း) | ၁၈၄၇၇၅ | ၄၄၅ | – | – | ၄၄၅ |
| ၂။ | စီးပွားရေး | မယ်ပန် (ပြင်/ကာ) | ၂၉၉၇၇ | ၅ | – | ၁၄၅ | ၁၅၀ |
| ၃။ | စီးပွားရေး | မိုင်းဆတ်ကြိုးပြင် | ၈၄၅၃၆၇ | ၈၅ | – | - | ၈၅ |
| ၄။ | စီးပွားရေး | နမ့်ညွှင်း(ပြင်/ကာ) | ၁၁၇၄၆၃ | – | ၄၅၀ | ၅၀ | ၅၀၀ |
| ၅။ | စီးပွားရေး | မိုင်းတုံကြိုးပြင် | ၃၂၈၈၃၆ | ၁၅၀ | – | – | ၁၅၀ |
| | | **ပေါင်း** | | **၆၈၅** | **၄၅၀** | **၁၉၅** | **၁၃၃၀** |
| ၁။ | ပုဂ္ဂလိက | နမ့်ဆိုင် (ဝိုင်း) | ၁၈၄၇၇၅ | ၁၀ | ၁၈၇၅ | ၂၅၃၀ | ၄၄၁၅ |
| ၂။ | ပုဂ္ဂလိက | မိုင်းကန် (ဝိုင်း) | ၁၆၂၃၇၄ | – | ၃၀၀ | – | ၃၀၀ |
| ၃။ | ပုဂ္ဂလိက | လွယ်ပွတ် (ဝိုင်း) | ၂၆၃၃၇၇ | – | ၅၀၀ | ၂၅၀၀ | ၃၀၀၀ |
| ၄။ | ပုဂ္ဂလိက | မဲကင်ဂူ (ဝိုင်း) | ၁၃၇၅၇၁ | – | – | ၁၅၀၀ | ၁၅၀၀ |
| ၅။ | ပုဂ္ဂလိက | မယ်ပန် (ပြင်/ကာ) | ၂၉၉၇၇ | – | – | ၅၀ | ၅၀ |
| | | **ပေါင်း** | | **၁၀** | **၂၆၇၅** | **၆၅၈၀** | **၉၂၆၅** |
| ၁။ | စက်မှုကုန်ကြမ်း | နမ့်ဆိုင် (ဝိုင်း) | ၁၈၄၇၇၅ | ၈၇၅ | ၁၅၇၅ | ၁၃၅၀ | ၃၈၀၀ |
| ၂။ | စက်မှုကုန်ကြမ်း | လွယ်ပွတ်(ဝိုင်း) | ၂၆၃၃၇၇ | – | ၃၀ | | ၃၀ |
| | | **ပေါင်း** | | **၈၇၅** | **၁၆၀၅** | **၁၃၅၀** | **၃၈၂၉** |
| | | **စုစုပေါင်း** | | **၁၅၇၀** | **၄၇၃၀** | **၈၁၂၅** | **၁၄၄၂၅** |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

## စီးပွားရေးစိုက်ခင်းများ အလုပ်တိုက်နယ်စိုက်ကွက်စဉ် I (ကျွန်း)

ဇယား(၉-၂-၂-၁-၁)

| နှစ်စဉ် စိုက်ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ ဧက | ပန္နက် အကွာ အဝေး | တည်ထောင် သည့်ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | မိုင်းတုံ | မိုင်းတုံကြိုးပြင် | ၅၀ | ၈၁/၂'×၈၁/၂' | ၁၉၉၇-၉၈ | |
| ၂ | မိုင်းတုံ | မိုင်းတုံကြိုးပြင် | ၁၀၀ | ။ | ၁၉၉၈-၉၉ | |
| ၃ | မိုင်းတုံ | နမ့်ဆိုင်ကြိုးဝိုင်း၊ အကွက်(၁) | ၁၅ | ။ | ၁၉၉၉-၀၀ | |
| ၄ | မိုင်းဆတ် | မိုင်းဆတ်ကြိုးပြင်တော | ၁၀ | ။ | ၂၀၀၀-၀၁ | |
| ၅ | မိုင်းတုံ | နမ့်ဆိုင်ကြိုးဝိုင်း၊ အကွက်(၃၂၀) | ၈၀ | ။ | ၂၀၀၁-၀၂ | |
| | မိုင်းဆတ် | မယ်ပန်ကြိုးပြင်ကာကွယ်တော(၃၉) | ၅ | ။ | ။ | |
| ၆ | မိုင်းတုံ | နမ့်ဆိုင်ကြိုးဝိုင်း၊ အကွက်(၃၂၀) | ၅၀ | ။ | ၂၀၀၂-၀၃ | |
| | မိုင်းဆတ် | မိုင်းဆတ်ကြိုးပြင်တော | ၂၀ | ။ | ။ | |
| ၇ | မိုင်းတုံ | နမ့်ဆိုင်ကြိုးဝိုင်း၊ အကွက်(၃၂၀) | ၅၀ | ။ | ၂၀၀၃-၀၄ | |
| | မိုင်းဆတ် | မိုင်းဆတ်ကြိုးပြင်တော | ၁၅ | ။ | ။ | |
| ၈ | မိုင်းတုံ | နမ့်ဆိုင်ကြိုးဝိုင်း၊ အကွက်(၃၂၀) | ၅၀ | ။ | ၂၀၀၄-၀၅ | |
| | မိုင်းဆတ် | မိုင်းဆတ်ကြိုးပြင်တော | ၂၀ | ။ | ။ | |
| ၉ | မိုင်းတုံ | နမ့်ဆိုင်ကြိုးဝိုင်း၊ အကွက်(၃၂၀) | ၅၀ | ။ | ၂၀၀၅-၀၆ | |
| | မိုင်းဆတ် | မိုင်းဆတ်ကြိုးပြင်တော | ၂၀ | ။ | ။ | |
| ၁၀ | မိုင်းတုံ | နမ့်ဆိုင်ကြိုးဝိုင်း၊ အကွက်(၂၉၇) | ၅၀ | ။ | ၂၀၀၈-၀၉ | |
| ၁၁ | မိုင်းတုံ | နမ့်ဆိုင်ကြိုးဝိုင်း၊ အကွက်(၂၉၅) | ၅၀ | ။ | ၂၀၀၉-၁၀ | |
| ၁၂ | မိုင်းတုံ | နမ့်ဆိုင်ကြိုးဝိုင်း၊အကွက်(၁၀၀) | ၅၀ | ။ | ၂၀၁၀-၁၁ | |
| | | စိုက်ကွက်စဉ် I (ကျွန်း)ပေါင်း | ၆၈၅ | | | |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

## ပုဂ္ဂလိကစိုက်ခင်းများ အလုပ်တိုက်နယ် စိုက်ကွက်စဉ် I (သစ်မာမျိုးစုံ)

ဇယား(၉-၂-၂-၁-၁)

| နှစ်စဉ် စိုက်ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက်အကွာအဝေး | တည်ထောင်သည့်ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | မိုင်းတုံ | နမ့်ဆိုင်ကြိုးဝိုင်း၊ အကွက်အမှတ်(၄) | ၁၀ | ၈ ၁/၂'× ၈ ၁/၂' | ၂၀၀၈-၀၉ | |
| | | **စိုက်ကွက်စဉ် I (သစ်မာမျိုးစုံ) ပေါင်း** | **၁၀** | | | |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

## ပုဂ္ဂလိကစိုက်ခင်းများ အလုပ်တိုက်နယ် စိုက်ကွက်စဉ် (II) (ရာဘာ)

ဇယား(၉-၂-၂-၁-၁)

| နှစ်စဉ် စိုက်ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက်အကွာအဝေး | တည်ထောင်သည့်ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | မိုင်းတုံ | နမ့်ဆိုင်းကြိုးဝိုင်း၊ အကွက်အမှတ်၁၅၃၊ ၁၅၅၊ ၂၉၅၊ ၂၉၆၊ ၂၉၇ | ၈၂၅ | ၂၄' × ၆' | ၂၀၀၉-၁၀ | |
| | | **စိုက်ကွက်စဉ်(II ) (ရာဘာ) ပေါင်း** | **၈၂၅** | | | |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

## ပုဂ္ဂလိကစိုက်ခင်းများ အလုပ်တိုက်နယ် စိုက်ကွက်စဉ်(III) (အခြား-လိမ္မော်)

ဇယား(၉-၂-၂-၁-၁)

| နှစ်စဉ် စိုက်ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက်အကွာအဝေး | တည်ထောင်သည့်ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | မိုင်းတုံ | နမ့်ဆိုင်းကြိုးဝိုင်း၊အကွက် (၁၅၂၊ ၁၈၁) | ၅၀ | ၁၂' × ၁၂' | ၂၀၀၉-၁၀ | |
| | | **စိုက်ကွက်စဉ်(III ) (အခြား-လိမ္မော်) ပေါင်း** | **၅၀** | | | |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

## စိုက်ခင်းတည်ထောင်မည့် ဧရိယာများစာရင်း(၂၀၁၆-၂၀၁၇ မှ ၂၀၂၅ -၂၀၂၆ အထိ)

ဇယား(၉-၂-၂-၁-၁)

| စဉ် | မြို့နယ် | စိုက်ပျိုးမည့်ခုနှစ် | တည်နေရာ | အကွက် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁။ | မိုင်းဆတ် | ၂၀၁၆-၁၇ | - | - | - | - |
| ၂။ | မိုင်းတုံ | ၂၀၁၆-၁၇ | - | - | - | - |
| ၃။ | မိုင်းဆတ် | ၂၀၁၇-၁၈ | နမ့်ညွှင်း(ပြင်/ကာ) | ၁၁၀ | ၅၀ | ဌာနစိုက်ခင်း၊ |
| ၄။ | ။ | ၂၀၁၈-၁၉ | နမ့်ညွှင်း(ပြင်/ကာ) | ၁၁၀ | ၅၀ | စီးပွားရေး |
| ၅။ | ။ | ၂၀၁၉-၂၀ | နမ့်ညွှင်း(ပြင်/ကာ) | ၁၁၁ | ၅၀ | (ထင်းရှူး) |
| ၆။ | ။ | ၂၀၂၀-၂၁ | နမ့်ညွှင်း(ပြင်/ကာ) | ၁၁၀ | ၅၀ | |
| ၇။ | ။ | ၂၀၂၁-၂၂ | နမ့်ညွှင်း(ပြင်/ကာ) | ၁၁၁ | ၅၀ | |
| ၈။ | ။ | ၂၀၂၂-၂၃ | နမ့်ညွှင်း(ပြင်/ကာ) | ၁၁၁ | ၅၀ | |
| ၉။ | ။ | ၂၀၂၃-၂၄ | နမ့်ညွှင်း(ပြင်/ကာ) | ၁၀၉ | ၅၀ | |
| ၁၀။ | ။ | ၂၀၂၄-၂၅ | နမ့်ညွှင်း(ပြင်/ကာ) | ၁၀၉ | ၅၀ | |
| ၁၁။ | ။ | ၂၀၂၅-၂၆ | နမ့်ညွှင်း(ပြင်/ကာ) | ၁၁၂ | ၅၀ | |
| | | စုစုပေါင်း | | | ၄၅၀ | |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

### ၉.၂.၂.၁.၁.၁နေရာဒေသရွေးချယ်ခြင်း

မိုင်းဆတ်ခရိုင်အတွင်း စိုက်ခင်းတည်ထောင်ရန် ရွေးချယ်ထားသော နေရာများမှာ နမ့်ညွှင်းကြိုးပြင်ကာကွယ်တောအတွင်းရှိ အဖိုးတန်သစ်မျိုးများ မျိုးဆက်ခြင်း လုံးဝမရှိသောနေရာ၊ တောပျက်နေရာများနှင့် ရွှေ့ပြောင်းတောင်ယာများကြောင့် ဖြစ်ပေါ်လာသော တောပျက်များ၊ဖုန်းဆိုးတောများ၊ ဘိစပ်တောနေရာများတွင် တည်ထောင်လုပ်ကိုင် သွားမည် ဖြစ်ပါသည်။

### ၉.၂.၂.၁.၁.၂ ဒေသနှင့် သစ်မျိုးလိုက်ဖက်မှု

မိုင်းဆတ်ခရိုင်၊ မိုင်းတုံနယ်တွင် ကျွန်းပေါက်ရောက်မှုရှိသဖြင့် ကျွန်းသစ်မျိုးစိုက်ပျိုးရန် သင့်လျော်ပါသည်။ စိုက်ပျိုးရန် လိုအပ်သော မျိုးစေ့များမှာလည်း ဒေသအတွင်းမှ စုဆောင်းရယူနိုင်ပါသည်။

### ၉.၂.၂.၁.၁.၃သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်

မိုင်းဆတ်ခရိုင်အတွင်း စီးပွားရေးစိုက်ခင်းများအား တောပျက်များနှင့် ဖုန်းဆိုးတောများကို အပြောင်ရှင်းလင်းပြီး ဌာနဆိုင်ရာ တောင်ယာစနစ်ဖြင့် တည်ထောင်ပါမည်။ လုပ်ကိုင်သည့် လုပ်ငန်း

အဆင့်ဆင့်နှင့် ကာလအပိုင်းအခြားအလိုက် ဆောင်ရွက်ပုံကို ပူးတွဲပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်။ တောင်ယာ အလုပ်သမားများအား ယာကွက်များကို လုပ်ဆောင်နိုင်မှု စွမ်းရည်နှင့် မိသားစုဦးရေအပေါ် မူတည်၍တစ်ဦးလျှင်(၃)ဧကမှ(၅)ဧကအထိခွဲဝေဆောင်ရွက်ခြင်းဖြင့် တောင်ယာလုပ်သားများ၏ လုပ်ငန်းနိုင်နင်းမှုကြောင့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းသည်ကို တွေ့ရှိရပါသည်။ ပေါင်းသင်ရှင်းလင်းခြင်း၊မီးကာကွယ်ခြင်း၊ ပင်ကြပ်နှုတ်ခြင်းစသည့် ပြုစုပျိုးထောင်ခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားပါမည်။ ထို့အပြင် တောင်ယာ လုပ်သားများအနေဖြင့် သစ်တောသစ်ပင်များ အကြားတွင် စပါး၊ မြေပဲ၊ ပြောင်း စသည့် သီးနှံပင်များစိုက်ပျိုးခွင့်ရသဖြင့် အပိုဝင်ငွေများ ရရှိနိုင်ကြပါသည်။ ခရိုင်အတွင်း မျိုးသန့်ဥယျာဉ်တည်ထောင်ခြင်း၊ မျိုးသန့်ပင်များ ရှာဖွေသတ်မှတ်ခြင်းများကို ဆောင်ရွက်သွားပါမည်။ မျိုးစေ့များ လုံလောက်စွာ စုဆောင်းရရှိနိုင်မှု မရှိသေးပါ။

**၉.၂.၂.၁.၁.၄ သက်ပတ်**

စီးပွားရေး စိုက်ခင်းများအတွက် ကျွန်းသစ်မျိုး၏သက်ပတ်ကို နှစ်(၄၀) သတ်မှတ်ပါသည်။

## သစ်တောစိုက်ခင်းများ စိုက်ပျိုးရာတွင် နှစ်အတွင်းဆောင်ရွက်မည့် ပြုစုစိုက်ပျိုးခြင်း နည်းစနစ်အချိန်ဇယား

ဇယား (၉-၂-၂-၁-၁-၃)

| စဉ် | လုပ်ငန်း | ဒုတိယ (၆) လ ပတ် | | | | | | ပထမ (၆) လပတ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ |
| ၁ | မြေနေရာရွေးချယ်ခြင်းနှင့်တောတိုင်းခြင်း | | | | | | | | | | | | |
| ၂ | တောင်ယာကွက်များ ခွဲဝေခြင်း | | | | | | | | | | | | |
| ၃ | တောင်ယာခုတ်ခြင်း | | | | | | | | | | | | |
| ၄ | တောင်ယာမီးကာကွယ်ခြင်း | | | | | | | | | | | | |
| ၅ | မီးရှို့ခြင်း | | | | | | | | | | | | |
| ၆ | ကျွန်းခွေခြင်း | | | | | | | | | | | | |
| ၇ | ပန္နက်ရိုက်ခြင်း | | | | | | | | | | | | |
| ၈ | သစ်စေ့စုဆောင်းခြင်း | | | | | | | | | | | | |
| ၉ | ပျိုးပင်များပြုစုပျိုးထောင်ခြင်း | | | | | | | | | | | | |
| ၁၀ | ပျိုးထောင်ရန် သဲ၊ မြေဆွေး ဝယ်ယူခြင်း | | | | | | | | | | | | |
| ၁၁ | ပျိုးဥယျာဉ်လုပ်ငန်းများ | | | | | | | | | | | | |
| ၁၂ | စိုက်ပျိုးခြင်း | | | | | | | | | | | | |
| ၁၃ | မြေဩဇာကျွေးခြင်း | | | | | | | | | | | | |
| ၁၄ | စစ်ဆေးလမ်းဖောက်ခြင်း | | | | | | | | | | | | |
| ၁၅ | သေပင်ဖာထေးခြင်း | | | | | | | | | | | | |
| ၁၆ | ပေါင်းသင်ရှင်းလင်းခြင်း | | | | | | | | | | | | |
| | (က)ပထမအကြိမ် | | | | | | | | | | | | |
| | (ခ) ဒုတိယအကြိမ် | | | | | | | | | | | | |
| | (ဃ)တတိယအကြိမ် | | | | | | | | | | | | |
| ၁၇ | ရှင်ပင်ရေတွက်ခြင်း | | | | | | | | | | | | |
| ၁၈ | စိုက်ခင်းမီးကာကွယ်ခြင်း | | | | | | | | | | | | |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်သစ်တောဦးစီးဌာန

### ၉.၂.၂.၁.၁.၅အုပ်ချုပ်လုပ်ကိုင်မှုပြဋ္ဌာန်းချက်များ

#### ၉.၂.၂.၁.၁.၅.၁ စိုက်ခင်းမတည်ထောင်မီ လုပ်ငန်းများ

စိုက်ခင်းများကို မတည်ထောင်မီ အကြိုလုပ်ကိုင်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရပါမည်။

(၁) စိုက်ခင်းတည်ထောင်ရန်အတွက် သဘာဝတောတောင်များကို ခုတ်ထွင်ရှင်းလင်းခြင်းမပြုဘဲ၊ ပျက်စီးယိုယွင်းလျက်ရှိသော သဘာဝတောများ (Degarded Forest)သာ သစ်တောစိုက်ခင်းများ တည်ထောင်မည် ဖြစ်ပါသည်။

(၂) ဒေသအဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် ထူးခြားရှားပါးသည့် မြေမျက်နှာသွင်ပြင်နှင့် ယဉ်ကျေးမှု အမွေအနှစ်များ ဖြစ်တည်လျက်ရှိသော ဒေသများတွင် သစ်တောစိုက်ခင်းများ တည်ထောင်မည် မဟုတ်ပါ။

(၃) သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ကြိုးပြင်ကာကွယ်တော၊ ကြိုးပြင်တောများ၌သာ တည်ထောင်မည် ဖြစ်ပါသည်။

(၄) စီမံကိန်း(၁၀)နှစ်တာ ကာလအတွင်း စိုက်ခင်းများ တည်ထောင်ရန် ရည်ရွယ်သည့် ဧရိယာများကို စစ်ဆေးပြီး၊ ပါဝင်ပင်မြေပုံ ရေးဆွဲ၍ ခုတ်လှဲမျိုးဆက်ခြင်းစီမံကိန်းကို ဌာနဆိုင်ရာ ညွှန်ကြားချက်အပိုဒ် ၆၅၊ ၁၁၃-၁၁၅ နောက်ဆက်တွဲ(၇)နှင့် အမှုထမ်းများ လိုက်နာရန် အမိန့်လက်စွဲ အပိုဒ် ၁၃၅၊ နောက်ဆက်တွဲ(၂၂)တွင် ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

(၅) သစ်မာပင်ထောင်ရိုက်မှတ်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်း များကို ခုတ်လှဲမျိုးဆက်ခြင်း စီမံချက်တွင် ထည့်သွင်းရေးဆွဲရန်နှင့် စိုက်ခင်းမတည်ထောင်မီ (၃)နှစ်အတွင်း ထုတ်လုပ်ခွင့်ပြုရန်နှင့် ပင်ထောင်တံဆိပ် ရိုက်နှိပ်ရာ၌ ဌာနဆိုင်ရာညွှန်ကြားချက် အပိုဒ် (၁၆)အရ ဆောင်ရွက်မည် ဖြစ်ပါသည်။

(၆) မျိုးဆက်ခြင်း သစ်တောစိုက်ခင်းများ ရွေးချယ်ရာတွင် မိမိဒေသနှင့်သင့်လျော်သည့် သစ်မျိုးရွေးချယ်ခြင်း၊ စိုက်ခင်းတည်ထောင်ရန်သင့်လျော်သည့်နေရာရွေးချယ်ခြင်း၊ သင့်လျော်သောစိုက်ပျိုးပြုစုခြင်း နည်းစနစ်ရွေးချယ်ခြင်း စသည့် မျိုးဆက်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သည့်လုပ်ငန်းအား ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

### ၉.၂.၂.၁.၁.၅.၂ စိုက်ခင်းတည်ထောင်ပြီးလုပ်ငန်းများ

တည်ထောင်ပြီးသစ်တောစိုက်ခင်းများတွင် လုပ်ကိုင်ရမည့်လုပ်ငန်းများ နှင့်ပတ်သက်၍ အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

(၁) **ပေါင်းရှင်းခြင်းနှင့်ပြုစုခြင်း**

(က) သစ်တောစိုက်ခင်းများတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်များ အတိုင်း စိုက်ခင်းအမျိုးအစားအလိုက် သတ်မှတ်ထားသည့် ပေါင်းရှင်းသည့် အရေအတွက်အတိုင်း ပေါင်းရှင်းလင်းမည် ဖြစ်ပါသည်။

(ခ) ပေါင်းသင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ အမှုထမ်း များ လိုက်နာရန် အမိန့်လက်စွဲ အပိုဒ် ၁၃၈ (က)(ခ)(ဂ)၊ ၁၃၉ နှင့်ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက် မည် ဖြစ်ပါသည်။

(၂) **မီးကာကွယ်ခြင်း**

မီးဘေးအန္တရာယ် ကာကွယ်ရန်အတွက် အောက်ဖော်ပြပါ အချက် များကို ဆောင်ရွက်ရပါမည်။ မီးကာကွယ်ခြင်းနှင့်ပတ်သက်၍ဌာန ဆိုင်ရာ ညွှန်ကြားချက်အမှတ်(၉၉)၊ (၁၀၀) နှင့် အမှုထမ်းများ လိုက်နာရန် အမိန့်လက်စွဲအပိုဒ် (၁၃၇)၊ (၁၄၄ မှ ၁၆၁ အထိ) တိကျစွာလိုက်နာ ဆောင်ရွက်မည် ဖြစ်ပါသည်။

(၃) **ပင်ကြပ်နှုတ်ခြင်း**

(က) ပင်ကြပ်နှုတ်ခြင်း ဆောင်ရွက်ရာတွင် အမှုထမ်းများ လိုက်နာ ရန် အမိန့်လက်စွဲ ၁၄၂၊ ၁၄၃၊ ၁၄၃(က)နှင့် နောက်ဆက်တွဲ (၂၇)အရ ဖော်ပြထားသည့် ပင်ကျပ်ခုတ်လှဲရာတွင် လိုက်နာ ရန်နည်းလမ်းများနှင့် ဌာနဆိုင်ရာ ညွှန်ကြားချက်များ အတိုင်း လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) ပင်ကြပ်နှုတ်ခြင်းလုပ်ငန်းများကို ပင်ကြပ်နှုတ်ခြင်း အစီအစဉ် နောက်ဆက်တွဲဇယား (စ) အရ ဆောင်ရွက်မည် ဖြစ်ပါသည်။

(၄) **ရောဂါပိုးမွှားအန္တရာယ်ကာကွယ်ခြင်း**

(က) စိုက်ပျိုးမည့်သစ်မျိုးသည် စိုက်ပျိုးသည့်ဒေသ(Site) နှင့် ကိုက်ညီလိုက်ဖက်ရန်။

(ခ) ရောဂါပိုးမွှားများကို ဖြစ်နိုင်ပါက ဓါတုပစ္စည်းများ အသုံးပြု၍ ကာကွယ်ဟန့်တားခြင်းထက် ဇီဝဆိုင်ရာ ထိန်းသိမ်းမှု နည်းစနစ်မျိုးစုံများကို အသုံးပြုရန်။

(ဂ) သစ်မျိုးရောနှော စိုက်ပျိုးခြင်း၊ ရွက်အုပ်လွှာ အဆင့်ဆင့် စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရန်။

(ဃ)ရောဂါပိုးမွှားများ တစ်နေရာမှ တစ်နေရာသို့ ပြန့်ပွား ကူးစက်မှုများကို ကာကွယ်ထိန်းသိမ်း စစ်ဆေးမည့် နည်းစနစ်များ ချမှတ် အကောင်အထည်ဖေါ်ရန်။

(င) စိုက်ခင်းဒေသပတ်ဝန်းကျင်တွင် သဘာဝတောများ ထိန်းသိမ်းထားရှိရန်။

(စ) ရောဂါပိုးမွှားများ ကာကွယ်ထိန်းသိမ်းမှု ပြုလုပ်နိုင်ရန်၊ အဆိုပါ ပိုးမွှားတို့၏ ဘဝဖြစ်စဉ်နှင့် အလေ့အထကို သိရှိနားလည်ထားရန်။

(ဆ)ရောဂါပိုးမွှားကာကွယ်ခြင်းနှင့် ပါတ်သက်၍ ဌာနဆိုင်ရာ ညွှန်ကြားချက် အပိုဒ်(၁၀၄)အတိုင်း လိုက်နာဆောင်ရွက်ရန်။

### (၅) စိုက်ခင်းမှတ်တမ်းများပြုစုခြင်း

တည်ထောင်ပြီး သစ်တောစိုက်ခင်းများအား ဌာနဆိုင်ရာ ညွှန်ကြားချက်များအတိုင်း စိုက်ခင်းမှတ်တမ်းများ ထားရှိရပါမည်။ စိုက်ခင်းမှတ်တမ်းများတွင် တည်ထောင်သည့် ခုနှစ်၊ သစ်မျိုး၊ သေပင်/ရှင်ပင်ရာခိုင်နှုန်း၊ မီးကာကွယ်ခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ သေပင်ဖာထေးခြင်းစသည့် လုပ်ငန်းများနှင့် ကုန်ကျစရိတ်များ ဖြည့်သွင်းထားရှိရန်နှင့် ပင်ကြပ်နှုတ်ခြင်း လုပ်ငန်းများကိုလည်းဖြည့်သွင်း မှတ်သားထားမည်ဖြစ်ပါသည်။

စိုက်ခင်းမှတ်တမ်းများတွင် ဌာနဆိုင်ရာညွှန်ကြားချက်များအတိုင်း စိုက်ခင်းဒေသ အနေအထားဖေါ်ပြသော မြေပုံရေးဆွဲမည် ဖြစ်ပါသည်။

## ၉.၂.၂.၁.၁.၆သစ်တောသယံဇာတစာရင်းကောက်ယူခြင်း

### ၉.၂.၂.၁.၁.၆.၁ ကြားဖြတ်တောထွက်

စီမံကိန်း(၁၀)နှစ်တာကာလအတွင်း နှစ်အလိုက် ဆောင်ရွက်မည့်ပင်ကြပ်နှုတ်ခြင်းအစီအစဉ်ကို ဇယား(၉-၂-၂-၁-၁-၆-၁)နှင့် အတွဲ(၂)နောက်ဆက်တွဲ (စ)တွင် ဖေါ်ပြထားပါသည်။ ထွက်ရှိမည့် ကြားဖြတ် တော

ထွက်ခန့်မှန်းခြင်းစာရင်းကို စိုက်ကွက်စဉ်အလိုက်၊ နှစ်စဉ်ခုတ်ကွက်အလိုက် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။ မိုင်းဆတ်ခရိုင်အတွင်း တည်ထောင်ပြီး စိုက်ခင်းဟောင်းများမှာ နယ်မြေဒေသ အခြေအနေအရ လက်ရှိတွင်ပင်ကျပ်နှုတ်ရန် အခြေအနေများမရှိခြင်းကြောင့် ဆက်လက်တည်ထောင်မည့် စိုက်ခင်းသစ်များကိုသာ အောင်မြင်အောင် ကြားဖြတ်တောထွက်ရရှိနိုင်သည်အထိ တည်ထောင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**စီမံကိန်းကာလအတွင်း ထွက်ရှိမည့် ခန့်မှန်းကြားဖြတ် တောထွက်စာရင်း**

ဇယား(၉-၂-၂-၁-၁-၆-၁)

| စဉ် | စိုက်ကွက်စဉ် | နှစ်စဉ်ခုတ်ကွက်တည်ထောင်သည့်ခုနှစ် | ပင်ကြပ်နှုတ်ခြင်း | ပင်ကြပ်နှုတ်မည့်နှစ် | စိုက်ပျိုးဧရိယာ (ဧက) | လက်ရှိဧရိယာ (ဧက) | ထွက်ရှိမည့်ကြားဖြတ်တောထွက်(ခန့်မှန်း) |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | I | | | | | | |
| ၁။ | – | – | – | ၂၀၁၆ | – | – | – |
| ၂။ | – | – | – | ၂၀၁၇ | – | – | – |
| ၃။ | – | – | – | ၂၀၁၈ | – | – | – |
| ၄။ | – | – | – | ၂၀၁၉ | – | – | – |
| ၅။ | – | – | – | ၂၀၂၀ | – | – | – |
| ၆။ | – | – | – | ၂၀၂၁ | – | – | – |
| ၇။ | ထင်းရှူး | ၂၀၁၇-၂၀၁၈ | (ပ)ကြိမ် | ၂၀၂၂ | ၅၀ | ၅၀ | ၉၄၅၀ |
| ၈။ | ။ | ၂၀၁၈-၂၀၁၉ | ။ | ၂၀၂၃ | ၅၀ | ၅၀ | ၉၄၅၀ |
| ၉။ | ။ | ၂၀၁၉-၂၀၂၀ | ။ | ၂၀၂၄ | ၅၀ | ၅၀ | ၉၄၅၀ |
| ၁၀။ | ။ | ၂၀၂၀-၂၀၂၁ | ။ | ၂၀၂၅ | ၅၀ | ၅၀ | ၉၄၅၀ |
| | | **ပေါင်း** | | | **၂၀၀** | **၂၀၀** | **၃၇၈၀၀** |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

**၉.၂.၂.၁.၁.၆.၂ အပြီးသတ်တောထွက်**

မိုင်းဆတ်ခရိုင်အတွင်းရှိ စီးပွါးရေးစိုက်ခင်းများ အလုပ်တိုက်နယ်၊ စိုက်ကွက်စဉ် I (ကျွန်း)တွင် စီမံကိန်းကာလအတွင်း နှစ်(၄၀) ပြည့်မည့် စိုက်ခင်းများမရှိသဖြင့် ခုတ်လှဲထုတ်ယူရန် မရှိပါ။

## ကြားဖြတ်တောထွက်

ဇယား(၉-၂-၂-၁-၁-၆-၂)

| စဉ် | နှစ်စဉ် ခုတ်ကွက် | ဧရိယာ(ဧက) | (၄၀)နှစ် ပြည့်မည့်နှစ် | အပြီးသတ်တောထွက် HP (ကုဗတန်) |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | | ဖော် ပြ ရန် မ ရှိ ပါ။ | | |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

### ၉.၂.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း ဥပဒေနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းဆိုင်ရာ စီစဉ်ခန့်ခွဲမှု

စိုက်ခင်းတည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းတွင် မြို့နယ်အသီးသီးမှ တောအုပ်ကြီး တစ်ဦးစီအား စိုက်ကွက်တာဝန်ခံအဖြစ် တာဝန်ပေး၍ တောအုပ်များ၊ တောခေါင်းများ၊ တောကြပ်များဖြင့် လုပ်ငန်းများဖြင့် ကြီးကြပ်လုပ်ကိုင်သွားပါမည်။ ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးဌာနမှူးတို့မှ လိုအပ်သောပံ့ပိုးမှုများကို ကူညီဆောင်ရွက် သွားပါမည်။ ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာသားများကို လုပ်ငန်းတစ်ခုချင်းအလိုက် လုပ်အားခများပေးချေ၍ လုပ်ငန်းအောင်မြင်အောင် စည်းရုံးလုပ်ဆောင်သွားပါမည်။ အမြဲတမ်းတောင်ယာလုပ်သား စည်းရုံးရရှိမှုမှာ အားနည်းပါသည်။ သတ်မှတ်ပေးသောလုပ်အားခ ရန်ပုံငွေမှာနည်းပါးနေပြီး ပြင်ပဈေးနှုန်းများဖြင့် မကိုက်ညီသဖြင့် တောင်ယာလုပ်သားရရှိမှုအားနည်းခြင်းဖြစ်ပါသည်။ သစ်တောဝန်ထမ်းများအနေဖြင့် တောတွင်းစိုက်ခင်းများတွင် ယာယီအဆောက်အဦးများ ဆောက်လုပ်နေထိုင်၍ လုပ်ငန်းများ ကြီးကြပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သွားလာမှုလွယ်ကူ စေရန်နှင့် ပျိုးဥယျာဉ်လုပ်ငန်း တွင်ကျယ်စွာ လုပ်ကိုင်နိုင်ရန်အတွက် စိုက်ခင်းလုပ်ကိုင်နေသောမြို့အတွက်ထော်လာဂျီတစ်စီး ပံ့ပိုးပေးသင့်ပါသည်။ သစ်တောစိုက်ခင်းများတည်ထောင်ရာတွင် နိုင်ငံတော်၏ သစ်တောသယံဇာတများကို အကျိုးအရှိဆုံး အသုံးချသွားနိုင်ရေးအတွက်လည်းကောင်း၊ သစ်တောများကိုထိရောက်စွာ ထိန်းသိမ်းကာကွယ်နိုင်ရေး အထောက်အကူ ဖြစ်စေနိုင်ရန်အတွက်လည်းကောင်း၊ သစ်တောစိုက်ခင်းများကို စိုက်ပျိုးလုပ်ကိုင်ရမည်ဖြစ်ရာ တည်ထောင်ပြီးစိုက်ခင်းများကို ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ အချိန်မှန်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် တစ်ဧကထွက်နှုန်းများကို တိုးတက်အောင် တာဝန်ကျဝန်ထမ်းများမှ စီမံ

ခန့်ခွဲရေးနည်းဖြင့်ထိန်းသိမ်းခြင်း၊ သစ်တောဥပဒေဖြင့် ကာကွယ်ခြင်းများအား စနစ်တကျဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

### ၉.၂.၄ ဘက်ဂျက်နှင့် ဘဏ္ဍာရေး

သစ်တောစိုက်ခင်းများဆောင်ရွက်ရန် ခွဲဝေပေးသော ရံပုံငွေမှာပြင်ပလုပ်အားခများနှင့် နှိုင်းယှဉ်လျှင် နည်းပါးလွန်းနေသဖြင့် အလုပ်သမားများ စည်းရုံးရရှိမှုတွင် အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။ ဥပမာအားဖြင့် စိုက်ခင်းပေါင်းရှင်းခြင်းလုပ်ငန်းအတွက် တစ်ဧကပေါင်းခုတ်လျှင် နေ့စား(၅)ဦး လိုအပ်ပါသည်။ လက်ရှိခွင့်ပြုရန်ပုံငွေမှာ တစ်ဧက ၆၀၀၀ိ/- သာရှိပြီး နေ့စား(၁)ဦးကို ၆၀၀ိ/- အထိ ပေးနေရပါသည်။ စိုက်ခင်းလုပ်ငန်းများ ပိုမိုထိရောက်စွာနှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ခွင့်ပြုနှုန်းထားများကို ယခုလက်ရှိစံနှုန်း၏ ၃ ဆ အထိလည်းကောင်း၊ (သို့မဟုတ်) ပြင်ပလုပ်အားခ ဈေးနှုန်းများနှင့် နှိုင်းယှဉ်၍ သင့်တော်လျော်ကန်သော နှုန်းထားအထိလည်းကောင်း ခွင့်ပြုသင့်ပါသည်။ မိုင်းဆတ်ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းတွင် စိုက်ခင်းများ အလုပ်တိုက်နယ်ကို ရေးဆွဲထားပြီးဖြစ်ရာ အလုပ်တိုက်နယ်များတွင် နှစ်စဉ်တည်ထောင်မည့် စိုက်ခင်းအမျိုးအစားအလိုက် ခွင့်ပြုရံပုံငွေများကို အချိန်မီ၊ အပြည့်အဝ ခွဲဝေချထားပေးပါက စိုက်ခင်းလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

## ၉.၃ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ

### ၉.၃.၁ ရည်ရွယ်ချက်များ

၁။ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုအပေါ် အထောက်အကူ ဖြစ်စေရန်။

၂။ သဘာဝဝန်းကျင်တည်ငြိမ်မှုနှင့် ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရန်။

၃။ ဒေသခံပြည်သူလူထု၏ အခြေခံ စား/ဝတ်/နေရေး လိုအပ်ချက်များကို ဖြေရှင်းရာတွင် အထောက်အပံ့ ဖြစ်စေရန်။

### ၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ

မိုင်းဆတ်ခရိုင်အတွင်းရှိ ဒေသခံပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဦးတည်လျက် သစ်တောထွက်ပစ္စည်းများ ဖြစ်သည့် သစ်၊ ထင်း၊ တိုင်၊ မျော၊ ဝါး စသည်တို့ကို စုစုပေါင်းဧရိယာ (၆၈၀၇၈)ဧကရှိ သစ်တောများအတွင်းမှ ရေရှည်ထုတ်လုပ်သုံးစွဲနိုင်ရန်နှင့် သစ်တောမရှိသည့်နေရာများ၊ သစ်တောများ ပျက်စီးပြုန်းတီးသွားသောနေရာများတွင် ကျေးရွာသုံးဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ် တောစိုက်ခင်း တည်ထောင်ခြင်း၊ ဓမ္မတာနည်းဖြင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို ဒေသခံ ပြည်သူလူထု၏ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် အုပ်ချုပ်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို သစ်ပင်ပေါက်ရောက်မှု အခြေအနေ၊ ကျင့်သုံးသည့် သစ်တောစိုက်ပျိုး ပြုစုနည်းစနစ်နှင့် သစ်ထုတ်မည့် နည်းစနစ်၊ ချမှတ်ထားသည့် ခုတ်ပတ်၊ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစား စသည့် အပေါ်မူတည်၍တောထွက်တွက်ချက်ပြီး၊ လိုအပ်သလိုအလုပ်တိုက်နယ်များ၊ လုပ်ကွက်စဉ်၊ ခုတ်စဉ်များ၊ စနစ်တကျဖွဲ့စည်း အုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ဖွဲ့စည်းထားသည့် လုပ်ကွက်စဉ်များအတွင်းရှိ သစ်တောထွက်ပစ္စည်းများ၏ ပေါက်ရောက်မှုနှင့် ထွက်ရှိနိုင်မှုအခြေအနေကို သိရှိနိုင်ရန်အတွက် သစ်မထုတ်မီ သယံဇာတစာရင်း ကောက်ယူခြင်း၊ သစ်ထုတ်ပြီး လိုအပ်သောသစ်တောစိုက်ပျိုး ပြုစုနည်းစနစ်များ လုပ်ကိုင်နိုင်ရန်အတွက် သစ်ထုတ်ပြီး သယံဇာတစာရင်း ကောက်ယူခြင်းတို့ကို လုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၉.၃.၂.၁ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက် နယ်

#### ၉.၃.၂.၁.၁ အလုပ်တိုက်နယ်နှင့်လုပ်ကွက်စဉ်ဖွဲ့စည်းခြင်း

ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက်နယ်များကို ဖွဲ့စည်းရာတွင်-

(၁) ဒေသအတွင်းနေထိုင်သည့် လူဦးရေပမာဏ၊

(၂) သစ်တောထွက်ပစ္စည်းလိုအပ်ချက်နှင့်

(၃) သစ်တောများမှ ထွက်ရှိမှုပမာဏစသည့် အချက်များအပေါ် အခြေခံပါသည်။

ခုတ်စဉ်အလိုက် ခွဲဝေချထားသော ဧရိယာများကို ဇယား(၉-၃-၂-၁-၁)က တွင်ဖော်ပြထားပါသည်။ အကျိုးဖြစ်ထွန်းနိုင်သော (Effective)ဧရိယာများတွင် လက်ရှိအပင်ပေါက်ရောက်နေသော ဧရိယာများနှင့် ပြန်လည်ပြုစုပျိုးထောင်နိုင်သော ဧရိယာများဖွဲ့စည်းထားပါ သည်။

မိုင်းဆတ်ခရိုင်အတွင်းမြို့နယ်အလိုက် ထင်းလောင်စာ လိုအပ်ချက်စာရင်းကို ဇယား (၉-၃-၂-၁-၁)က ဖြင့်လည်းကောင်း၊ မီးသွေးလောင်စာ လိုအပ်ချက်စာရင်းကို ဇယား(၉-၃-၂-၁-၁)ခ ဖြင့်လည်းကောင်း၊ ဝါးသုံးစွဲမှု လိုအပ်ချက်စာရင်းကို ဇယား(၉-၃-၂-၁-၁)ဂ ဖြင့် လည်းကောင်း၊ တိုင်၊ မျော၊ သက္ကယ်နှင့်လျှော် လိုအပ်ချက်စာရင်းကို ဇယား (၉-၃-၂-၁-၁)ဃ ဖြင့်လည်းကောင်း၊ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းများ လုပ်ကွက်စဉ် ဖွဲ့စည်းမှုစာရင်းကို ဇယား(၉-၃-၂-၁-၁)င ဖြင့်လည်းကောင်း၊ ထင်း၊ တိုင်၊ မျော နှစ်စဉ်တောထွက် အလားအလာ (Potential Annual Yield) ကို ဇယား (၉-၃-၂-၁-၁)စ၊ ခုတ်စဉ်အလိုက်နှစ်စဉ် ခွင့်ပြုနိုင်မည့် ဝါး အလားအလာ (Potential Annual Yield)ကိုဇယား(၉-၃-၂-၁-၁)ဆနှင့်စီမံကိန်းကာလအတွင်း တည်ထောင်

ရန်လျာထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ စာရင်းကို ဇယား(၉-၃-၂-၁-၁)၉ တွင် ဖော်ပြထားပါသည်။

မိုင်းဆတ်ခရိုင်အတွင်း ဒေသထောက်ပံ့ရေးသစ်တောများ အလုပ်တိုက်နယ်ကို ကြိုးဝိုင်း(၅)ခု၊ ကြိုးပြင်ကာကွယ်တော(၃)ခု၊ ကြိုးပြင်တော (၂)ခုတို့မှ သဘာဝတောဧရိယာ (၆၆၈၉၁)ဧက နှင့် ကျေး/ထင်းစိုက်ခင်း (၉၇၅)ဧက၊ ကျေးလက်အိမ်ရာထူထောင်ရေး တစ်ရွာ(၁)ဧက စိုက်ခင်းများဖြစ်သော ကျေးရွာများသို့လွှဲပြောင်းပြီးဖြစ်သည့် (၁၁၀)ခင်း တို့ဖြင့် ခုတ်စဉ်(၃)ခုဖွဲ့စည်း၍ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်ကွက်စဉ်/ခုတ်စဉ်များဖွဲ့စည်းရာတွင် -

၁။ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်း အမျိုးအစား

၂။ ဒေသခံကျေးလက် ပြည်သူများ၏အခြေခံလိုအပ်ချက်

၃။ ထုတ်ယူရရှိနိုင်မည့် အလားအလာ၊

၄။လမ်းပန်းဆက်သွယ်မှု အခြေအနေစသည်တို့ အပေါ်တွင် အခြေခံပါသည်။

# ဒေသခံထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများအလုပ်တိုက်နယ် လုပ်ကွက်စဉ်ဖွဲ့စည်းမှု

ဇယား(၉.၃.၂.၁.၁)င

| စဉ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/သစ်တောဖုံးလွှမ်းလျှက်ရှိသည့်အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ (ကြိုးပြင်တော) | အကွက်အမှတ် | ရေိယာဧက | | | | |
|---|---|---|---|---|---|---|---|
| | | | ကျေး/ထင်းစိုက်ခင်း (ဧက) | အစုအဖွဲ့ပိုင် (ဧက) | သဘာဝတော | | စုစုပေါင်း (ဧက) |
| | | | | | Effective (ဧက) | Ineffective (ဧက) | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | **ခုတ်စဉ် (I)** | | | | | | |
| ၁။ | နမ့်ဆိုင်ကြိုးဝိုင်း | | ၁၀၀ | ၂၁၂ | ၂၀၈၂ | – | ၂၃၉၄ |
| ၂။ | မိုင်းကန်ကြိုးဝိုင်း | | – | – | ၉၄၃ | – | ၉၄၃ |
| ၃။ | လွှယ်ပွတ်ကြိုးဝိုင်း | | – | – | ၃၄၈၈ | – | ၃၄၈၈ |
| ၄။ | မဲကင်ဂူကြိုးဝိုင်း | | – | – | ၅၀၈၅ | – | ၅၀၈၅ |
| ၅။ | နမ့်ညွှင်းကြိုးဝိုင်း | | – | – | ၄၁၅၁ | – | ၄၁၅၁ |
| | **ပေါင်း** | | **၁၀၀** | **၂၁၂** | **၁၅၇၄၉** | – | **၁၆၀၆၁** |
| | **ခုတ်စဉ် (II)** | | | | | | |
| ၁။ | မယ်ပန် (ပြင် / ကာ) | | – | – | ၂၃၆၃၂ | – | ၂၃၆၃၂ |
| | **ပေါင်း** | | | | **၂၃၆၃၂** | | **၂၃၆၃၂** |
| | **ခုတ်စဉ် (III)** | | | | | | |
| ၂။ | နမ့်ညွှင်း (ပြင် / ကာ) | | – | – | ၁၇၅၀၀ | – | ၁၇၅၀၀ |
| ၃။ | မိုင်းဆတ်ကြိုးပြင်တော | | ၈၇၅ | – | ၁၀၀၁၀ | – | ၁၀၈၈၅ |
| | **ပေါင်း** | | **၈၇၅** | – | **၂၇၅၁၀** | – | **၂၈၃၈၅** |
| **စုစုပေါင်း** | | | **၉၇၅** | **၂၁၂** | **၆၆၈၉၁** | – | **၆၈၀၇၈** |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

## ဒေသခံထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ အလုပ်တိုက်နယ်အတွင်း လုပ်ကွက်စဉ်အလိုက် ပါဝင်သော ထောက်ပံ့ရေးအကွက်နှင့် အနားပေးအကွက်စစ်ဧရိယာများ

ဇယား(၉-၃-၂-၁-၁)ခ

| ခုတ်စဉ် | ကြိုးဝိုင်း | ဧရိယာ(ဧက) | | | မှတ်ချက် |
|---|---|---|---|---|---|
| | | ထောက်ပံ့ရေး | အနားပေး | စုစုပေါင်း | |
| (၁) | (၂) | (၄) | (၅) | (၆) | (၇) |
| I | နမ့်ဆိုင်ကြိုးဝိုင်း | ၂၀၈၂ | - | ၂၀၈၂ | |
| | မိုင်းကန်ကြိုးဝိုင်း | ၉၄၃ | - | ၉၄၃ | |
| | လွယ်ပွတ်ကြိုးဝိုင်း | ၃၄၈၈ | - | ၃၄၈၈ | |
| | မဲကင်ဂူကြိုးဝိုင်း | ၅၀၈၅ | - | ၅၀၈၅ | |
| | နမ့်ညွင်းကြိုးဝိုင်း | ၄၁၅၁ | - | ၄၁၅၁ | |
| | **ခုတ်စဉ်(၁) ပေါင်း** | **၁၅၇၄၉** | **-** | **၁၅၇၄၉** | |
| II | မယ်ပန်ကြိုးပြင်ကာကွယ်တော | **၂၃၆၃၂** | **-** | **၂၃၆၃၂** | |
| | **ခုတ်စဉ်(၂)ပေါင်း** | **၂၃၆၃၂** | **-** | **၂၃၆၃၂** | |
| III | နမ့်ညွင်းကြိုးပြင်ကာကွယ်တော | **၁၇၅၀၀** | - | **၁၇၅၀၀** | |
| | မိုင်းဆတ်ကြိုးပြင်တော | **၁၀၀၁၀** | - | **၁၀၀၁၀** | |
| | **ခုတ်စဉ်(၃)ပေါင်း** | **၂၇၅၁၀** | **-** | **၂၇၅၁၀** | |
| | **ခုတ်စဉ်စုစုပေါင်း** | **၆၆၈၉၁** | **-** | **၆၆၈၉၁** | |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

## ဒေသခံထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအလုပ်တိုက်နယ်အတွင်း လုပ်ကွက်စဉ်အလိုက် နှစ်စဉ်ထောက်ပံ့ပေးနိုင်မည့် ဧရိယာတွက်ချက်ဖော်ပြမှုဇယား

ခုတ်ပတ် = ၂၀ နှစ်

ဇယား(၉-၃-၂-၁-၁)ခ

| ခုတ်စဉ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/ကြိုးပြင်တော (သစ်တောဖုံးလွှမ်းလျက်ရှိသောအစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေ) | ထောက်ပံ့ရေးဧရိယာ (ဧက) | နှစ်စဉ်ထောက်ပံ့ပေးနိုင်မည့် ဧရိယာ (ဧက) (A/R) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၄) | (၅) | (၇) |
| I | နမ့်ဆိုင်ကြိုးဝိုင်း | ၂၀၈၂ | ၁၀၄ | |
| | မိုင်းကန်ကြိုးဝိုင်း | ၉၄၃ | ၄၇ | |
| | လွယ်ပွတ်ကြိုးဝိုင်း | ၃၄၈၈ | ၁၇၄ | |
| | မဲကင်ဂူကြိုးဝိုင်း | ၅၀၈၅ | ၂၅၄ | |
| | နမ့်ညှင်းကြိုးဝိုင်း | ၄၁၅၁ | ၂၀၈ | |
| | **ခုတ်စဉ်(၁) ပေါင်း** | **၁၅၇၄၉** | **၇၈၇** | |
| II | မယ်ပန်ကြိုးပြင်ကာကွယ်တော | ၂၃၆၃၂ | ၁၁၈၂ | |
| | **ခုတ်စဉ်(၂)ပေါင်း** | **၂၃၆၃၂** | **၁၁၈၂** | |
| III | နမ့်ညှင်းကြိုးပြင်ကာကွယ်တော | ၁၇၅၀၀ | ၈၇၅ | |
| | မိုင်းဆတ်ကြိုးပြင်တော | ၁၀၀၁၀ | ၅၀၁ | |
| | **ခုတ်စဉ်(၃)ပေါင်း** | **၂၇၅၁၀** | **၁၃၇၆** | |
| | **ခုတ်စဉ်စုစုပေါင်း** | **၆၆၈၉၁** | **၃၃၄၅** | |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

## စီမံကိန်းကာလအတွင်း တည်ထောင်ထားသည့် ဒေသထောက်ပံ့ရေးကျေးရွာ/ထင်းစိုက်ခင်းများ

ဇယား(၉-၃-၂-၁-၁)

| စဉ် | မြို့နယ် | သစ်မျိုး | တည်ထောင်သည့်ခုနှစ် | တည်နေရာ | စိုက်ခင်းအမှတ် | ပန္နက် | ဧရိယာ (ဧက) |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | မိုင်းဆတ် | မယ်ဇလီ | ၁၉၉၇-၉၈ | မိုင်းဆတ်ကြိုးပြင်တော | ၁/၁၉၉၇ | ၈ ၁/၂×၈ ၁/၂ | ၁၅၀ |
| ၂ | မိုင်းဆတ် | မယ်ဇလီ | ၁၉၉၈-၉၉ | မိုင်းဆတ်ကြိုးပြင်တော | ၁/၁၉၉၈ | ၈ ၁/၂×၈ ၁/၂ | ၁၅၀ |
| | **နှစ်စဉ်စိုက်ကွက် (၁)ပေါင်း** | | | | | | **၃၀၀** |
| ၃ | မိုင်းဆတ် | မယ်ဇလီ | ၂၀၀၀-၀၁ | မိုင်းဆတ်ကြိုးပြင်တော | ၁/၂၀၀၀ | ၈ ၁/၂×၈ ၁/၂ | ၁၅၀ |
| | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | | | | | | **၁၅၀** |
| ၄ | မိုင်းဆတ် | မယ်ဇလီ | ၂၀၀၁-၀၂ | မိုင်းဆတ်ကြိုးပြင်တော | ၁/၂၀၀၁ | ၈ ၁/၂×၈ ၁/၂ | ၁၀၅ |
| ၅ | မိုင်းတုံ | မယ်ဇလီ | ၂၀၀၁-၀၂ | နမ့်ဆိုင်ကြိုးဝိုင်း | ၁/၂၀၀၁ | ၈ ၁/၂×၈ ၁/၂ | ၂၅ |
| | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | | | | | | **၁၃၀** |
| ၆ | မိုင်းတုံ | သစ်ဆိမ့် | ၂၀၀၂-၀၃ | နမ့်ဆိုင်ကြိုးဝိုင်း | ၂/၂၀၀၂ | ၃၆×၂၄ | ၂၅ |
| ၇ | မိုင်းဆတ် | သစ်ဆိမ့် | ၂၀၀၂-၀၃ | မိုင်းဆတ်ကြိုးပြင်တော | ၃/၂၀၀၂ | ၃၆×၂၄ | ၁၀၀ |
| ၈ | မိုင်းဆတ် | မယ်ဇလီ | ၂၀၀၂-၀၃ | မိုင်းဆတ်ကြိုးပြင်တော | ၂/၂၀၀၂ | ၈ ၁/၂×၈ ၁/၂ | ၁၅၀ |

| စဉ် | မြို့နယ် | သစ်မျိုး | တည်ထောင်သည့်ခုနှစ် | တည်နေရာ | စိုက်ခင်းအမှတ် | ပန္နက် | ဧရိယာ (ဧက) |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | **နှစ်စဉ်စိုက်ကွက်(၄)ပေါင်း** | | | | | | **၂၇၅** |
| ၉ | မိုင်းတုံ | သစ်ဆိမ့် | ၂၀၀၃-၀၄ | နမ့်ဆိုင်ကြိုးဝိုင်း | ၂/၂၀၀၃ | ၃၆'×၂၄' | ၂၅ |
| ၁၀ | မိုင်းဆတ် | သစ်ဆိမ့် | ၂၀၀၃-၀၄ | မိုင်းဆတ်ကြိုးပြင်တော | ၂/၂၀၀၃ | ၃၆'×၂၄' | ၁၅၀ |
| ၁၁ | မိုင်းဆတ် | မယ်ဇလီ | ၂၀၀၃-၀၄ | မိုင်းဆတ်ကြိုးပြင်တော | ၃/၂၀၀၃ | ၈ ၁/၂'×၈ ၁/၂' | ၅ |
| | **နှစ်စဉ်စိုက်ကွက်(၅)ပေါင်း** | | | | | | **၁၈၀** |
| ၁၂ | မိုင်းတုံ | သစ်ဆိမ့် | ၂၀၀၄-၀၅ | နမ့်ဆိုင်ကြိုးဝိုင်း | ၂/၂၀၀၄ | ၃၆'×၂၄' | ၂၅ |
| ၁၃ | မိုင်းဆတ် | သစ်ဆိမ့် | ၂၀၀၄-၀၅ | မိုင်းဆတ်ကြိုးပြင်တော | ၂/၂၀၀၄ | ၃၆'×၂၄' | ၁၅၀ |
| ၁၄ | မိုင်းဆတ် | မယ်ဇလီ | ၂၀၀၄-၀၅ | မိုင်းဆတ်ကြိုးပြင်တော | ၃/၂၀၀၄ | ၈ ၁/၂'×၈ ၁/၂' | ၅ |
| | **နှစ်စဉ်စိုက်ကွက်(၆)ပေါင်း** | | | | | | **၁၈၀** |
| ၁၅ | မိုင်းဆတ် | မယ်ဇလီ | ၂၀၀၅-၀၆ | မိုင်းဆတ်ကြိုးပြင်တော | ၁/၂၀၀၆ | ၈ ၁/၂'×၈ ၁/၂' | ၁၅၀ |
| | **နှစ်စဉ်စိုက်ကွက်(၇)ပေါင်း** | | | | | | **၁၅၀** |
| | **စုစုပေါင်း** | | | | | | **၁၃၆၅** |

## စီမံကိန်းကာလအတွင်းတည်ထောင်ရန်လျာထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများဇယား

ဇယား(၉.၃.၂.၁.၁)ဇ

| စဉ် | ခရိုင် | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၂၀၂၃-၂၄ | ၂၀၂၄-၂၅ | ၂၀၂၅-၂၆ | ၂၀၂၆-၂၇ | ၂၀၂၇-၂၈ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) |
| ၁။ | မိုင်းဆတ် | ၆၃၇ | ၄၅၃ | ၅၀၀ | ၅၀၀ | ၅၀၀ | ၅၀၀ | ၅၀၀ | ၅၀၀ | ၅၀၀ | ၅၀၀ | ၅၀၉၀ |

ဇစ်မြစ်- မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

## မိုင်းဆတ်ခရိုင်/မြို့နယ်ထင်းလောင်စာလိုအပ်ချက်စာရင်း

ဇယား(၉.၃.၂.၁.၁)က

| စဉ် | မြို့နယ် | အိမ်ထောင်စု ပေါင်း | ထင်း သုံး 80 % | မြို့ပြ (၁.၄ ကုဗတန်) | | ကျေးလက် (၂.၅ ကုဗတန်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | အိမ်ထောင်စု | ကုဗတန် | အိမ်ထောင်စု | ကုဗတန် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁။ | မိုင်းဆတ် | ၁၉၁၁၁ | ၁၅၂၈၉ | ၃၆၆၉ | ၅၁၃၇ | ၁၁၆၂၀ | ၂၉၀၄၉ | တစ်ကေလျှင်ထင်း (၁၇.၅)တန်နှုန်းဖြင့် နှစ်စဉ်ဖြည့်ဆည်းရမည့်(၃၂၃၃)ကေလို အပ်မည်ဖြစ်ပြီးတည် ထောင်ပြီးကျေးထင်း စိုက်ခင်း(၁၄၄၀)ကေ နှင့် သဘာဝတော များမှဖြည့်ဆည်း ဆောင်ရွက်သွားနိုင်ပါသည်။ |
| ၂။ | မိုင်းတုံ | ၁၂၅၂၁ | ၁၀၀၁၇ | ၂၄၀၄ | ၃၃၆၆ | ၇၆၁၃ | ၁၉၀၃၂ | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| **စုစုပေါင်း** | | **၃၁၆၃၂** | **၂၅၃၀၆** | **၆၀၇၃** | **၈၅၀၃** | **၁၉၂၃၃** | **၄၈၀၈၁** | |

ဇစ်မြစ်- ထင်းသုံးရာခိုင်နှုန်း -၂၀၁၄ ခုနှစ်လူဦးရေနှင့်သန်းခေါင်စာရင်း

- ထင်းသုံးစွဲနှုန်းမှာ နှစ်(၃၀)Master Plan

## မိုင်းဆတ်ခရိုင်/ မြို့နယ် မီးသွေးလောင်စာလိုအပ်ချက်စာရင်း

ဇယား(၉.၃.၂.၁.၁)ခ

| စဉ် | မြို့နယ် | မြို့ပြ/ ကျေး လက် | အိမ် ထောင် စု | မီးသွေး သုံး % | မီးသွေး သုံး အိမ် ထောင်စု | သုံးစွဲနှုန်း မီးသွေး (တန်) | မီး သွေး တန် | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၈ |
| ၁။ | မိုင်းဆတ် | မြို့ပြ | ၄၅၈၇ | ၂၆.၅ | ၁၂၁၆ | ၂.၄ | ၂၉၁၈ | |
| | | ကျေးလက် | ၁၄၅၂၄ | ၆.၁ | ၈၈၆ | ၂.၄ | ၂၁၂၆ | |
| | | **ပေါင်း** | **၁၉၁၁၁** | | **၂၁၀၂** | | **၅၀၄၄** | |
| ၂။ | မိုင်းတုံ | မြို့ပြ | ၃၀၀၅ | ၂၆.၅ | ၇၉၆ | ၂.၄ | ၁၉၁၀ | |
| | | ကျေးလက် | ၉၅၁၆ | ၆.၁ | ၅၈၀ | ၂.၄ | ၁၃၉၂ | |
| | | **ပေါင်း** | **၁၂၅၂၁** | | **၁၃၇၆** | | **၃၃၀၂** | |
| **စုစုပေါင်း** | | | **၃၁၆၃၂** | | **၃၄၇၈** | | **၈၃၄၆** | |

ဇစ်မြစ်-မီးသွေးသုံးရာခိုင်နှုန်းမှာ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်သန်းခေါင်စာရင်း

မီးသွေးသုံးစွဲနှုန်းမှာ တစ်အိမ်ထောင်လျှင် ပေါင်(၉၀)ဝင်

မီးသွေးအိပ်(၇.၅)အိပ်=၂.၄တန်ဖြင့်တွက်ချက်ထားပါသည်။

မှတ်ချက်။ M.A.I(၃.၅)တန်(၅)နှစ်ခုတ်ပတ်၊ထင်း(၁၇.၅)တန်=(၁)ကေအရတွက်ချက်ပါသည်။

## မိုင်းဆတ်ခရိုင်/မြို့နယ်အတွင်း မျှောနှင့် ဝါး သုံးစွဲမှုလိုအပ်ချက်စာရင်း

ဇယား(၉.၃.၂.၁.၁)ဂ

| စဉ် | ခရိုင်/ မြို့နယ် | အိမ်ထောင်စု | | | မျှောလိုအပ်ချက် (လုံး) | | | ဝါးလိုအပ်ချက်(လုံး- ၁၀၀) | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မြို့ပြ | ကျေးလက် | ပေါင်း | မြို့ပြ | ကျေးလက် | ပေါင်း | မြို့ပြ | ကျေးလက် | ပေါင်း |
| | | (၂၄%) | (၇၆%) | (၁၀၀%) | (၀.၁) | (၀.၃) | | (၀.၂) | (၁၂၀) | |
| (၁) | (၂) | (၃) | (၄) | (၅) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) |
| ၁။ | မိုင်းဆတ် | ၄၅၈၇ | ၁၄၅၂၄ | ၁၉၁၁၁ | ၄၅၉ | ၄၃၅၇ | ၄၈၁၆ | ၀.၉ | ၁၇၄၃ | ၁၇၄၄ |
| ၂။ | မိုင်းတုံ | ၃၀၀၅ | ၉၅၁၆ | ၁၂၅၂၁ | ၃၀၁ | ၂၈၅၅ | ၃၁၅၅ | ၀.၆ | ၁၁၄၂ | ၁၁၄၃ |
| **မိုင်းဆတ်ခရိုင်** | | **၇၅၉၂** | **၂၄၀၄၀** | **၃၁၆၃၂** | **၇၅၉** | **၇၂၁၂** | **၇၉၇၁** | **၁.၅** | **၂၈၈၅** | **၂၈၈၆** |

ဇစ်မြစ်-Basic Data for National Forest Master Plan

## မိုင်းဆတ်ခရိုင်အတွင်း စီမံကိန်းကာလအတွင်း သစ်နှင့်တိုင် နှစ်စဉ်လိုအပ်ချက်အလားအလာ တွက်ချက်မှုဇယား

ဇယား(၉.၃.၂.၁.၁)ဃ

| စဉ် | ခရိုင်/ မြို့နယ် | အိမ်ထောင်စု | | | သစ်လိုအပ်ချက်(ကုဗတန်) | | | တိုင်လိုအပ်ချက် (လုံး) | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မြို့ပြ | ကျေးလက် | ပေါင်း | မြို့ပြ | ကျေးလက် | ပေါင်း | မြို့ပြ | ကျေးလက် | ပေါင်း |
| | | (၂၄%) | (၇၆%) | (၁၀၀%) | (၀.၀၂) | (၀.၀၂) | | (၀.၀၁) | (၀.၀၃) | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) |
| ၁။ | မိုင်းဆတ် | ၄၅၈၇ | ၁၄၅၂၄ | ၁၉၁၁၁ | ၉၂ | ၂၉၀ | ၃၈၂ | ၄၆ | ၄၃၆ | ၄၈၂ |
| ၂။ | မိုင်းတုံ | ၃၀၀၅ | ၉၅၁၆ | ၁၂၅၂၁ | ၆၀ | ၁၉၀ | ၂၅၀ | ၃၀ | ၂၈၅ | ၃၁၆ |
| **မိုင်းဆတ်ခရိုင်** | | **၇၅၉၂** | **၂၄၀၄၀** | **၃၁၆၃၂** | **၁၅၂** | **၄၈၁** | **၆၃၃** | **၇၆** | **၇၂၁** | **၇၉၇** |

ဇစ်မြစ်-Basic Data for National Forest Master Plan

### ၉.၃.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှု အခြေအနေ

ဤအလုပ်တိုက်နယ်တွင် အဓိကတွေ့ရသော သစ်တောအမျိုးအစားများ မှာ အင်တိုင်းတော၊ တောင်ပေါ်တောတို့ ဖြစ်ကြပါသည်။ ကြိုးဝိုင်းတောများ မှာတရားမဝင်ခုတ်လှဲမှုနှင့် ကျူးကျော်တောင်ယာများကြောင့် တောပျက်များ၊ ရွှေ့ပြောင်းတောင်ယာကို အနားပေးရာမှ ပြန်ထွက်လာသည့် အဖိုးတန် သစ်မျိုးပါဝင်မှုနည်းပါးသော ဖုန်းဆိုးတောအသွင် တောနိမ့်တောပျက်များ သာ ပါဝင်ပါသည်။ မိုင်းပျဉ်းနှင့် မိုင်းဆတ်မြို့နယ်များတွင် ကြိုးပြင်တော များကို ဒေသထောက်ပံ့ရေးအတွက် ဖွဲ့စည်းထားသဖြင့် ကြိုးပြင်တောများ အတွင်းရှိ သစ်ပင်ပေါက်ရောက်မှု အခြေအနေကို ဖော်ပြနိုင်ခြင်းမရှိပါ။ မိုင်းတုံမြို့နယ်တွင်လည်း ကြိုးဝိုင်းတော တစ်ခုခြင်းအလိုက် သစ်ပင် ပေါက်ရောက်မှု စာရင်းကို ဖော်ပြနိုင်ခြင်းမရှိပါ။

## ၉.၃.၂.၁.၁.၂သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ငုတ်ချွန်ပင်ချန် ခုတ်လှဲနည်းစနစ် (Coppice with Standard System)ကို ကျင့်သုံးလုပ်ကိုင်မည်ဖြစ်ပါသည်။ ဓမ္မတာမျိုးဆက်ခြင်းနည်းစနစ်ကို ကျင့်သုံးမည်ဖြစ်ပြီး၊ မျိုးဆက်ပင်များလုံးဝလုံလောက်မှု မရှိမှသာလျှင် ပဝတ္တိမျိုးဆက်ခြင်းနည်းစနစ်ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤအလုပ်တိုက်နယ်တွင် အခြားသစ်မျိုးများကို တိုးတက်လာသည့်လိုအပ်ချက်နှင့်အညီထာဝစဉ်ဖြည့်ဆည်းပေးနိုင်ရန်အတွက် သင့်တော်သည့် ခုတ်ပတ် များခွဲ၍ ဒေသခံပြည်သူများအား ထောက်ပံ့သွားမည်။ သို့ရာတွင်နှစ်စဉ်ခုတ်ကွက်များမှ အပြောင်ရှင်းထုတ်ယူခြင်းကို ခွင့်ပြုမည်မဟုတ်ပါ။

ကျင့်သုံးမည့် မျိုးဆက်ခြင်းနည်းစနစ်များမှာ -

၁။ သဘာဝမျိုးဆက်ခြင်းနှင့်

၂။ ပဝတ္တိမျိုးဆက်ခြင်းတို့ဖြစ်ပြီး အခြေအနေပေးလျှင် သဘာဝ မျိုးဆက်ခြင်းကို အလေးပေးဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## ၉.၃.၂.၁.၁.၃ သစ်ထုတ်မည့်စနစ်

ငုတ်ချွန်ပင်ချန် ခုတ်လှဲနည်းစနစ်ကို အဓိကထား၍ ကျင့်သုံးလုပ်ကိုင်မည်ဖြစ်ပါသည်။ အပြောင်ရှင်းခုတ်လှဲခြင်းကို ရေမြေတိုက်စားလွယ်သည့် နေရာများတွင် လုံးဝကျင့်သုံးမည်မဟုတ်ဘဲ၊စိုက်ခင်းတည်ထောင်မည့် နေရာများတွင်သာလုပ်ကိုင်ရန် ရည်ရွယ်ပါသည်။

## ၉.၃.၂.၁.၁.၄ခုတ်ပတ်

ခုတ်ပတ်ကို (၅)နှစ် သတ်မှတ်ပါသည်။

## ၉.၃.၂.၁.၁.၅ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

ကုန်သွယ်မှုလုပ်ငန်းအတွက် ထုတ်ယူခြင်း(Trade Extraction) အတွက် ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားမှာ ရင်စို့လုံးပတ်(၆') ဖြစ်ပြီး၊ ကျေးရွာသုံးအတွက် ထုတ်ယူခြင်း(Village Extraction)တွင် လုံးပတ်ကန့်သတ်ချက် မရှိပါ။

## ၉.၃.၂.၁.၁.၆တောထွက်တွက်ချက်ခြင်း

တောထွက်ကိုဧရိယာဖြင့် ထိန်းချုပ်လုပ်ကိုင်မည်ဖြစ်ပါသည်။ နှစ်စဉ်တောထွက်အနေဖြင့်မိုင်းဆတ်ခရိုင်အတွင်း ဖွဲ့စည်းထားသောဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်အတွင်းရှိ ခုတ်စဉ်(၅)ခုမှ ခန့်မှန်းနှစ်စဉ် တောထွက်တွက်ချက်ခြင်းကို ဇယား(၉-၃-၂-၁-၁-၆)တွင် ဖော်ပြထားပါသည်။

## ဒေသထောက်ပံ့ရေးအတွက် နှစ်စဉ်တောထွက်တွက်ချက်ခြင်း

ဇယား -(၉-၃-၂-၁-၁-၆)

| ခုတ်ကွက်စဉ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော | ထောက်ပံ့ရေးဧရိယာ (ဧက) | ထင်း (ကုဗတန်) | မီးသွေး (ကုဗတန်) | ဝါး (လုံး) | သက်ကယ် (ဖျာစ်) | တိုင် (လုံး) | မျော (လုံး) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| I | နမ့်ဆိုင်ကြိုးဝိုင်း | ၁၀၄ | ၁၀၄ | ၆၂ | ၂၀၈ | ၂၀၈ | ၃၆ | ၃၆ | |
| | မိုင်းကန်ကြိုးဝိုင်း | ၄၇ | ၄၇ | ၂၈ | ၉၄ | ၉၄ | ၁၆ | ၁၆ | |
| | လွယ်ပွတ်ကြိုးဝိုင်း | ၁၇၄ | ၁၇၄ | ၁၀၄ | ၃၄၈ | ၃၄၈ | ၆၁ | ၆၁ | |
| | မဲကင်ဂူကြိုးဝိုင်း | ၂၅၄ | ၂၅၄ | ၁၅၂ | ၅၀၈ | ၅၀၈ | ၈၉ | ၈၉ | |
| | နမ့်ညှင်းကြိုးဝိုင်း | ၂၀၈ | ၂၀၈ | ၁၂၅ | ၄၁၆ | ၄၁၆ | ၇၃ | ၇၃ | |
| | **ခုတ်စဉ် I ပေါင်း** | **၇၈၇** | **၇၈၇** | **၄၇၂** | **၁၅၇၄** | **၁၅၇၄** | **၂၇၅** | **၂၇၅** | |
| II | မယ်ပန်ကြိုးပြင်ကာကွယ်တော | ၁၁၈၂ | ၁၁၈၂ | ၇၀၉ | ၂၃၆၄ | ၂၃၆၄ | ၄၁၄ | ၄၁၄ | |
| | **ခုတ်စဉ် II ပေါင်း** | **၁၁၈၂** | **၁၁၈၂** | **၇၀၉** | **၂၃၆၄** | **၂၃၆၄** | **၄၁၄** | **၄၁၄** | |
| III | နမ့်ညှင်းကြိုးပြင်ကာကွယ်တော | ၈၇၅ | ၈၇၅ | ၅၂၅ | ၁၇၅၀ | ၁၇၅၀ | ၃၀၆ | ၃၀၆ | |
| | မိုင်းဆတ်ကြိုးပြင်တော | ၅၀၁ | ၅၀၁ | ၃၀၁ | ၁၀၀၂ | ၁၀၀၂ | ၁၇၅ | ၁၇၅ | |
| | **ခုတ်စဉ် III ပေါင်း** | **၁၃၇၆** | **၁၃၇၆** | **၈၂၆** | **၂၇၅၂** | **၂၇၅၂** | **၄၈၂** | **၄၈၂** | |
| | | **၃၃၄၅** | **၃၃၄၅** | **၂၀၀၇** | **၆၆၉၀** | **၆၆၉၀** | **၁၁၇၁** | **၁၁၇၁** | |

ဇစ်မြစ် -မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန။

### ၉.၃.၂.၁.၁.၇သစ်မထုတ်မီ သယံဇာတစာရင်းကောက်ယူခြင်း

သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ မထုတ်မီ အမှန်တကယ်တောထွက် သိရှိနိုင်ရန်အတွက် အနည်းဆုံး (၁)နှစ် ကြိုတင်စာရင်းကောက်ယူပါမည်။

### ၉.၃.၂.၁.၁.၈သစ်ထုတ်ပြီး သယံဇာတစာရင်းကောက်ယူခြင်း

သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ပြီးနောက် တော၏ အခြေအနေကို သိရှိရန်နှင့် လိုအပ်သော သစ်တောစိုက်ပျိုးပြုစုခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သစ်ထုတ်ပြီး (၁) နှစ်အတွင်း စာရင်း ကောက်ယူခြင်း လုပ်ငန်းများကိုလုပ်ကိုင်သွားမည်ဖြစ်ပါသည်။

### ၉.၃.၂.၁.၁.၉အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဌာန်းချက်များ

နှစ်စဉ်မည်သည့် လုပ်ကွက်စဉ်/ခုတ်စဉ်ကို ဖွင့်မည် (သို့မဟုတ်) ပိတ်မည်ကို တွဲဖက်ပြည်နယ်အရာရှိမှ ဆုံးဖြတ်မည်ဖြစ်ပြီး ခရိုင်ခွင့်ပြုတောထွက် ဧရိယာထက် မပိုစေဘဲ ခွင့်ပြုလုပ်ကိုင်သွားမည် ဖြစ်ပါသည်။ အကယ်၍ ကုန်သွယ်မှုနှင့် ကျေးရွာသုံးအတွက် လိုအပ်ချက်မရှိပါက လုပ်ကွက်စဉ်/ခုတ်စဉ်များကို ဖွင့်မည်မဟုတ်ပါ။

ထုတ်ယူခွင့်ပြုသည့် အကွက်များ၏ နယ်နိမိတ်များကို ထုတ်ယူခြင်း လုပ်ငန်းပြီးဆုံးချိန်တွင် ပြန်လည်ပြင်ဆင် လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

Trade markingကို ကြိုးဝိုင်းများတွင် အကွက် (Compartment) အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ village marking ကို နှစ်စဉ်ခုတ်ကွက် (Annual Coupe) အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကုန်သွယ်မှု လုပ်ငန်းအတွက် ထုတ်ယူခြင်းပြီးဆုံးမှ ကျေးရွာသုံးအတွက် ထုတ်ယူခြင်း ကို ဆောင်ရွက်စေမည် ဖြစ်ပါသည်။

## ၉.၃.၂.၂ ပြည်သူလူထုပူးပေါင်းဆောင်ရွက်ခြင်း

ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုမှာ အဓိကအခန်းမှ ပါဝင်နေပါသည်။ သစ်တောဌာနမှ တည်ထောင်ပြီး စိုက်ခင်းများကို ပြည်သူလူထုမှ ကူညီစောင့်ရှောက်မှုမရှိဘဲ ဝင်ရောက်ခုတ်ယူပါက ငွေသာကုန်၍ အကျိုးမရှိ ဖြစ်ပါမည်။ တည်ထောင်ပြီး စိုက်ခင်းများတွင် မီးဘေးအန္တရာယ် မကျရောက်အောင် ထိန်းသိမ်းကာကွယ်ရေး၊ အချိန်မကျမီ ခွင့်ပြုချက်မရှိဘဲဝင်ရောက်ခုတ်ယူခြင်းများ မရှိအောင် ပြည်သူလူထု မှ နားလည် သဘော ပေါက်စွာဖြင့် ဝိုင်းဝန်းကူညီရမည်ဖြစ်ပါသည်။ အချို့မြို့နယ် များရှိ ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်များတွင် ထင်းခုတ်ကွက်များကို ဖွင့်ပေး မည်ဖြစ်ရာ ပြည်သူလူထုအနေဖြင့် မိမိနှင့်နီးစပ်ရာ တောများမှခုတ်ယူခြင်းမပြုဘဲ သစ်တောဌာနမှအကွက် ဖွင့်ပေးသော ထင်းခုတ်ကွက်တွင် စနစ်တကျ ဝင်ရောက် ခုတ်ယူခြင်းဖြင့် တောပျက်စီးမှုနည်းမည် ဖြစ်ပါသည်။ ထင်းခုတ်ပြီးအကွက်ကို သစ်တောဌာနမှ ဓမ္မတာမျိုးဆက်နည်းဖြင့် ဆက်လက်လုပ်ကိုင်ပြီး သစ်တောများ ကို ပြုစုပျိုးထောင်သွားရမည် ဖြစ်ပါသည်။ သစ်တောများ ထိန်းသိမ်းကာကွယ် ခြင်းလုပ်ငန်းတွင် ပြည်သူများ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရန် စည်းရုံး ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ပြည်သူလူထု အစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်ရေးအတွက် သစ်တောဝန်ထမ်းများမှ ကျေးရွာများသို့ ကွင်းဆင်း စည်းရုံးဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပြည်သူလူထုများ စိတ်ပါဝင်စားလာပြီး၊ အစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်လာရေးအတွက် ဦးတည်ကြိုးပမ်း ဆောင်ရွက် ရမည်ဖြစ်ပါသည်။ ပြည်သူလူထုအစုအဖွဲ့ပိုင် စိုက်ခင်းများတည်ထောင်ရေးအတွက် ဆက်လက်စည်းရုံး ဆောင်ရွက်လျက်ရှိပါသည်။

## ၉.၃.၂.၃ သစ်တောပညာပေးခြင်း

မိုင်းဆတ်ခရိုင်အတွင်း ဒေသခံပြည်သူတို့၏ လူမှုအဆင့်အတန်း မြင့်မားရေး၊ ဝင်ငွေပိုမိုရရှိရေးအတွက် သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများ တွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ၎င်းတို့ ပူးပေါင်းပါဝင် ဆောင်ရွက်ပါမှ အောင်မြင်မည်ဖြစ်ကြောင်း၊ သဘာဝဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာများဖြန့်ဝေပေးခြင်းဖြင့် ဒေသခံများမှ နိုးကြားသောအသိစိတ် ဖြင့် ပူးပေါင်းဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ အကျိုးကျေးဇူးကို ဒေသခံ ပြည်သူမှခံစားရမည် ဖြစ်ကြောင်းတို့ကို လက်တွေ့ဖြစ်ပေါ်နေသော အခြေအနေ

များနှင့်ထင်ဟပ်၍သစ်တောပညာပေးခြင်း၊ သစ်တောပညာရပ်ဆိုင်ရာ အတတ်ပညာ၊ နည်းပညာများဖြန့်ဖြူးပေးခြင်း လုပ်ငန်းများကို သစ်တောဝန်ထမ်းများမှ ဒေသခံ ကျေးရွာများသို့ အခါအားလျော်စွာ ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်ဆောင်ရွက် သွားပါမည်။ ထိုအပြင် သစ်တောဦးစီးဌာနမှ ဖြန့်ဝေပေးသော ကြော်ငြာများ၊ လက်ကမ်းစာစောင်များကိုလည်း ကျေးရွာများသို့အရောက် ဖြန့်ဖြူးပေးပါမည်။ သစ်တောသစ်ပင်ကို ချစ်ခင်တတ်လာသော လူမျိုးများ ဖြစ်လာအောင်လည်း ဟောပြောဆွေးနွေး ခြင်းများ ပြုလုပ်ဆောင်ရွက်သွားပါမည်။

## ၉.၃.၃ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများ ဆိုင်ရာ စီစဉ်ခန့်ခွဲမှု

ဒေသထောက်ပံ့ရေးအတွက် ထင်းခုတ်ကွက်များကိုဖွင့်ပေးပါက ထင်းခုတ်ကွက်ဖွင့်ခြင်း နှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီကြေငြာပြီး ဝန်ထမ်းများကို တာဝန်ချထား ကာ စနစ်တကျခုတ်ယူရေးအတွက် ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ပါသည်။ ခုတ်ကွက် ခုတ်သည့်အချိန်တွင် သစ်တောပြုစုပျိုးထောင်မှုစနစ်အရ ငုတ်တက်ချွန်ခြင်း၊ ရှင်းလင်း ခြင်းလုပ်ငန်းများ စသည်တို့ကို သစ်တောဝန်ထမ်းများမှ စနစ်တကျ ဆောင်ရွက်သွား မည်ဖြစ်ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ တည်ထောင်ရာ တွင် စိုက်ခင်းတည်ထောင်ခြင်း သဘောမျိုးမဟုတ်ပဲ သဘာဝတောအား ထိန်းသိမ်း ခြင်း၊ စနစ်တကျထုတ်ယူသုံးစွဲခြင်း၊ ဓမ္မတာမျိုးဆက်ခြင်းနည်းစနစ်ဖြင့် သဘာဝ တောအား ပြုစုစောင့်ရှောက်ခြင်း၊ လိုအပ်သည့်နေရာတွင် ဖြည့်စွက်စိုက်ပျိုးပေးခြင်း စသည့်အလေ့အထများကို ဒေသခံပြည်သူများမှ သိရှိနားလည်ကျွမ်းဝင်ကာ ပူးပေါင်း ပါဝင်ဆောင်ရွက်လာရေး ဦးတည်ဆောင်ရွက်သွားပါမည်။ တည်ထောင်ပြီး စိုက်ခင်း များ မီးဘေးအန္တရာယ်မကျရောက်ရေး၊ လူ၊ ကျွဲ၊ နွားတိရစ္ဆာန်တို့၏ ဖျက်ဆီးမှုမှ ကာကွယ်ရေးကို သစ်တောဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်သွား ပါမည်။

## ၉.၃.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး

ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်တွင် ထင်းခုတ်ကွက်များဖွင့်၍ ထင်းခုတ်ခွင့် ပြုပါက ကျသင့်သော အခွန်တော်ငွေများကို သတ်မှတ်သည့် နှုန်းထားအတိုင်း ကောက်ခံသွားမည်ဖြစ်ပါသည်။ စိုက်ခင်းများမှ အချိန်ကျ၍ ထင်းထုတ်ယူခွင့်ပြုလျှင် လည်းကျသင့်သောအခွန်ငွေများကောက်ခံ၍ ခွင့်ပြုရမည်ဖြစ်ပါသည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်စိုက်ခင်းများအနေဖြင့် ၎င်းတို့အသုံးပြု၍ပိုလျှံသောပစ္စည်းများကိုပြင်ပသို့ ရောင်းချပါက ရောင်းချသည့်ပစ္စည်းအပေါ် သတ်မှတ်ထားသောအခွန်ငွေကိုကောက်ယူ ရမည်ဖြစ်ပါသည်။ သို့မှသာ ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်အနေဖြင့် ထုတ်ယူ ခွင့်ပြုသော သစ်တောထွက်ပစ္စည်းများမှအခွန်ငွေများကိုပြန်လည်ရရှိမည်ဖြစ်ပါသည်။ ထင်းခုတ်ကွက်များအား ဓမ္မတာနည်းဖြင့် ပြန်လည်ပြုစု ပျိုးထောင်ရာတွင် ကုန်ကျ စရိတ်၊ စိုက်ခင်းများတည်ထောင်ရာတွင် နှစ်အလိုက်လိုအပ်မည့် ရန်ပုံငွေများကို

အချိန်မီအပြည့်အဝခွဲဝေ ချထားပေးပါက လုပ်ငန်းများ အောင်မြင်အောင် အကောင် အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ၉.၄ ရေဝေရေလဲသစ်တောများ

### ၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

(၁) ဆည်ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်အတွက် သစ်တောများနှင့် အခြား မြေများကို စနစ်တကျအုပ်ချုပ်ရာတွင် မူဝါဒနှင့် စီမံချက်များ ချမှတ်ရေးဆွဲ ဆောင်ရွက်ရန်ဖြစ်ပြီး ယင်းမူဝါဒနှင့် စီမံချက်များကို ပြည်သူလူထုနှင့် အဖွဲ့ အစည်းအသီးသီး၏ အင်အားများကိုရယူ၍ အောင်မြင်စွာ အကောင်အထည် ဖော် ဆောင်ရွက်ရန် ဖြစ်ပါသည်။

(၂) ဆည်ရေဝေရေလဲဒေသ သစ်တောများထိန်းသိမ်း စီမံအုပ်ချုပ် လုပ်ကိုင်ရာတွင် ဒေသခံပြည်သူများမှ အသိစိတ်ဓါတ်ရှိရှိဖြင့် လက်တွဲပါဝင်စေရေးကို ဦးတည် စည်းရုံး ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

### ၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

(၁) ရေဝေရေလဲဒေသ ထိန်းသိမ်းရေးနယ်မြေများကို လက်ရှိတည်ဆောက် ပြီးသော ဆည်မြောင်းတာတမံများနှင့် တိုးတက်ဆောင်ရွက်လျက်ရှိသည့် ဆည်နှင့် တာ တမံများ၏ ပတ်ဝန်းကျင်ဒေသရှိ ရေဝေရေလဲဒေသ သစ်တောများသာမက ဆည်နှင့်တာတမံများသို့ ရေဝင်မည့်အလားအလာဖြစ်သော မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၏ ရေဦးရေဖျားဒေသများ (Head Waters) အထိ တိုးချဲ့သတ်မှတ်၍ ထိန်းသိမ်းကာကွယ်ပြုစုခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန် ၊

(၂) ဆည်၊ ကန်၊ ရေလှောင်တမံများ သက်တမ်းကြာရှည် တည်တံ့စေရန်နှင့် ရေ အရည်အသွေးအစဉ်ကောင်းမွန်နေစေရေး၊ ရေဝင်ပမာဏကောင်းစေရေးအတွက် ရေဝေရေလဲဒေသများတွင် ပြည်သူလူထုပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့် စိုက်ခင်း များကို လိုအပ်သလို တည်ထောင်ခြင်းနှင့် စီမံအုပ်ချုပ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

#### ၉.၄.၂.၁ ရေဝေရေလဲ သစ်တောများ အလုပ်တိုက်နယ်

##### ၉.၄.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်များ ဖွဲ့စည်းခြင်း

ဤအလုပ်တိုက်နယ်ကို အခြားအလုပ်တိုက်နယ်များနှင့် မထပ်စေဘဲ သီးခြား သတ်မှတ်ဖွဲ့စည်း လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဤအလုပ်တိုက်နယ်မှ စီးပွားဖြစ် သစ်ထုတ်ရန် မရည်ရွယ်ပါ။ မိုင်းဆတ်ခရိုင်တွင် သံလွင်မြစ်အတွင်း သို့ အဓိကစီးဝင်သည့် မယ်ပန်ရေအားလျှပ်စစ်ဆည်၊ မယ်ဆတ်ဆည် နှင့် ဆိုက်ခေါင်ဆည် ရေဝေရေလဲဒေသများ၊ ပူနားကိုရေအားလျှပ်စစ် ဆည်ရေဝေ

ရေလဲဇရိယာ၊ နမ့်ညုရေအားလျှပ်စစ်ဆည် ရေဝေရေလဲဇရိယာ၊ မယ်ပရေဝေရေလဲဒေသတို့ရှိ (၅၈၈၂၃)ဧကကို ရေဝေရေလဲအလုပ်တိုက်နယ်အဖြစ် ဖွဲ့စည်းတည်ထောင်ပါမည်။ လုပ်ကွက်စဉ်ကို ဇယား (၉-၄-၂-၁-၁)ဖြင့် ဖော်ပြထားပါသည်။

## မိုင်းဆတ်ခရိုင်ရေဝေရေလဲ အလုပ်တိုက်နယ်

ဇယား(၉-၄-၂-၁-၁)

| စဉ် | လုပ်ကွက်စဉ် | ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တော/ ကြိုးပြင်တော | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | I. မယ်ပန်ရေအားလျှပ်စစ်ဆည် | မယ်ပန်ကြိုးပြင်ကာကွယ်တော | ၆၂၈၃ | မိုင်းဆတ်မြို့နယ် |
| ၂။ | II. မယ်ဆတ်ဆည် | မိုင်းဆတ်ကြိုးပြင်တော | ၈၄၂၂ | ။ |
| ၃။ | III. ဆိုက်ခေါင်ဆည် | မိုင်းဆတ်ကြိုးပြင်တော | ၄၁၇၃ | ။ |
| ၄။ | IV. ပူနားကိုရေအားလျှပ်စစ် | မိုင်းဆတ်ကြိုးပြင်တော | ၅၀၀၀ | ။ |
| ၅။ | V. နမ့်ညုရေအားလျှပ်စစ် ဆည် | လွယ်ပွတ်ကြိုးဝိုင်းတော | ၁၁၂၁၉ | မိုင်းတုံမြို့နယ် |
| ၆။ | VI. မယ်ပရေဝေရေလဲဒေသ | မိုင်းကန်ကြိုးဝိုင်းတော | ၂၃၇၂၆ | ။ |
| | စုစုပေါင်း | | ၅၈၈၂၃ | |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

# ရေဝေရေလဲသစ်တောများအလုပ်တိုက်နယ်အတွင်းဆောင်ရွက်မည့်လုပ်ငန်းများ

ဇယား(၉-၄-၂-၁-၁) ဂ

| စဉ် | လုပ်ကွက်စဉ် | ဆောင်ရွက်မည့် တည်နေရာ | ဆောင်ရွက်မည့် ခုနှစ် | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၆-၁၇ | | ၂၀၁၇-၁၈ | | ၂၀၁၈-၁၉ | | ၂၀၁၉-၂၀ | | ၂၀၂၀-၂၁ | | ၂၀၂၁-၂၂ | | ၂၀၂၂-၂၃ | | ၂၀၂၃-၂၄ | | ၂၀၂၄-၂၅ | | ၂၀၂၅-၂၆ | |
| | | | နန်းတားတမံပြုလုပ်ခြင်း | သက်ရှိစည်းရိုးပြုလုပ်ခြင်း | နန်းတားတမံပြုလုပ်ခြင်း | သက်ရှိစည်းရိုးပြုလုပ်ခြင်း | နန်းတားတမံပြုလုပ်ခြင်း | သက်ရှိစည်းရိုးပြုလုပ်ခြင်း | နန်းတားတမံပြုလုပ်ခြင်း | သက်ရှိစည်းရိုးပြုလုပ်ခြင်း | နန်းတားတမံပြုလုပ်ခြင်း | သက်ရှိစည်းရိုးပြုလုပ်ခြင်း | နန်းတားတမံပြုလုပ်ခြင်း | သက်ရှိစည်းရိုးပြုလုပ်ခြင်း | နန်းတားတမံပြုလုပ်ခြင်း | သက်ရှိစည်းရိုးပြုလုပ်ခြင်း | နန်းတားတမံပြုလုပ်ခြင်း | သက်ရှိစည်းရိုးပြုလုပ်ခြင်း | နန်းတားတမံပြုလုပ်ခြင်း | သက်ရှိစည်းရိုးပြုလုပ်ခြင်း | နန်းတားတမံပြုလုပ်ခြင်း | သက်ရှိစည်းရိုးပြုလုပ်ခြင်း |
| ၁ | I | မယ်ပန်ရေအားလျှပ်စစ်ဆည် | - | - | - | - | - | - | - | - | ၁ | ၂ | - | - | - | - | ၁ | ၂ | - | - | - | - |
| ၂ | II | မယ်ဆတ်ဆည် | - | - | - | - | ၁ | ၂ | - | - | - | - | - | - | - | - | - | - | ၁ | ၂ | - | - |
| ၃ | III | ဆိုက်ခေါင်ဆည် | - | - | ၁ | ၂ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| ၄ | IV | ပူနားကိုရေအားလျှပ်စစ် | - | - | - | - | - | - | ၁ | ၂ | - | - | - | - | - | - | - | - | - | - | - | - |
| ၅ | V | နမ့်ညုရေအားလျှပ်စစ်ဆည် | - | - | - | - | - | - | - | - | - | - | ၁ | ၂ | - | - | - | - | - | - | - | - |
| ၆ | VI | မယ်ပရေဝေရေလဲဒေသ | - | - | - | - | - | - | - | - | - | - | - | - | ၁ | ၂ | - | - | - | - | ၂ | ၂ |
| | | **စုစုပေါင်း** | - | - | ၁ | ၂ | ၁ | ၂ | ၁ | ၂ | ၁ | ၂ | ၁ | ၂ | ၁ | ၂ | ၁ | ၂ | ၁ | ၂ | ၂ | ၂ |

ဇစ်မြစ် - မိုင်းဆတ်ခရိုင် သစ်တောဦးစီးဌာန

### ၉.၄.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှု အခြေအနေ

သစ်တောပေါက်ရောက်မှု အခြေအနေများကို စာရင်းကောက်ယူ မှတ်တမ်းတင်နိုင်ခြင်းမရှိသေးသော်လည်း သစ်ပင်ပေါက်ရောက်မှုအခြေအနေကို စီမံကိန်းကာလအတွင်း သစ်တောသစ်ပင်ကြီးများသာမက အောက်ခံမြက်ပင်၊ပေါင်းပင်များ ပေါက်ရောက်ဖုံးလွှမ်းမှု အခြေအနေထိ စာရင်းကောက်ယူ ပြုစုသွားပါမည်။

### ၉.၄.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ရေဝေရေလဲဒေသအတွင်းနှင့် ပတ်ဝန်းကျင်နေထိုင်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးကို ဦးတည်၍ လူထုပူးပေါင်းပါဝင်မှုဖြင့် သစ်တောပြုစုထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း စသည့် ပြုစုနည်းစနစ်များကို လိုအပ်သလို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ရေဝေရေလဲစိုက်ခင်း တည်ထောင်ရာတွင် အပြောင်ခုတ်လှဲသောနည်းစနစ်ကို မကျင့်သုံးဘဲ အကျယ် ၃' နှင့် ပန္နက် ၁၅' အကွာအဝေးဖြင့် (Strip planting) မြောင်းဖော်စိုက်ပျိုးနည်းစနစ်ကို အသုံးပြုစိုက်ပျိုးပါမည်။ မိုင်းဆတ်ခရိုင်အနေဖြင့် ရေဝေရေလဲ အလုပ်တိုက်နယ်သည် သစ်တောဖုံးလွှမ်းမှု ကောင်းမွန်နေခြင်းကြောင့် သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းကိုသာ အဓိကထား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ၉.၄.၂.၁.၁.၃ ခုတ်ပတ်

မိုင်းဆတ်ခရိုင်ရေဝေရေလဲ သစ်တောများ အလုပ်တိုက်နယ်အတွင်း အကြောင်းတစ်စုံတစ်ရာ၊ အခြေအနေတစ်ရပ်ရပ်ကြောင့် ထုတ်လုပ်ရန်လိုအပ်ပါက သဘာဝတောတွင် ဆောင်ရွက်သည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၉.၂.၂.၁.၁.၄ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

မိုင်းဆတ်ခရိုင်ရေဝေရေလဲ သစ်တောများအလုပ်တိုက်နယ် အတွင်းရှိလုပ်ကွက်စဉ်များမှ အကြောင်းတစ်စုံတစ်ရာ၊ အခြေအနေတစ်ရပ်ကြောင့် သစ်ထုတ်ရန် လိုအပ်ပါက မိုင်းဆတ်ခရိုင် သဘာဂတောများမှ ထုတ်ယူသော ကန့်သတ်ရင်စို့လုံးပတ် အထက်အပင်များကို ရွေးချယ် ထုတ်ယူသည့်အတိုင်းခွင့်ပြုသွားပါမည်။

### ၉.၄.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်းနှင့် ထိန်းသိမ်းခြင်း

မိုင်းဆတ်ခရိုင် ရေဝေရေလဲ အလုပ်တိုက်နယ်အတွင်းရှိ လုပ်ကွက်စဉ်မှ အကြောင်းတစ်စုံတစ်ရာ၊ အခြေအနေတစ်ရပ်ရပ်ကြောင့် သစ်ထုတ်

လုပ်ရန် လိုအပ်ပါက တောထွက်တွက်ချက်ခြင်းကို ရေဝေရေလဲ ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစစ်ပြီး တွက်ချက်သွားပါမည်။

### ၉.၄.၂.၁.၁.၆အုပ်ချုပ်လုပ်ကိုင်မှု ဆိုင်ရာ ပြဌာန်းချက်များ

ဆည်၊ ကန်၊ ရေလှောင်တမံများနှင့် သဘာဝရေထွက်ဒေသများ၏ ရေဝေရေလဲဒေသများရှိ သစ်တောများကို အစွန့်ရှည်စွာ တည်တံ့စေရန် နှင့် ရေဝေရေလဲဒေသတွင်မြေတိုက်စားခြင်း၊ မြေပြိုခြင်းများမရှိစေရေး လိုအပ်သည့် သစ်တောပြုစု ထိန်းသိမ်းခြင်း၊ မြေဆီလွှာ ထိန်းသိမ်းခြင်း လုပ်ငန်းများကို လိုအပ်သလို စီမံအုပ်ချုပ်လုပ်ကိုင်သွားရမည် ဖြစ်ပါသည်။ မိုင်းဆတ်ခရိုင်တွင် ကြီးမားသော ဆည်၊ ကန်၊ ရေလှောင်တမံကြီးများမရှိဘဲ၊ နီးစပ်ရာဒေသသုံး ဆည်၊ ကန်နှင့် ရေပိုလွှဲတမံငယ်များသာရှိပြီး၊ ဒေသခံများနှင့် ဆည်မြောင်းဦးစီးဌာနမှ ပံ့ပိုးကူညီမှုဖြင့် ထိန်းသိမ်းဆောင်ရွက်လျှက် ရှိပါသည်။ ရေအားလျှပ်စစ် ထုတ်ယူသည့် လုပ်ငန်းများမှာလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များမှ သဘာဝရေထွက်များကို သွယ်တန်းရယူပြီး ရေရှည်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနနှင့် မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်းတို့၏ ပံ့ပိုးကူညီမှုဖြင့် လုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါသည်။ ဌာနမှသစ်တောစိုက်ခင်းများသာ တည်ထောင်စိုက်ပျိုးလျှက် ရှိပါသည်။

(က) လိုအပ်သောနေရာများ၌ သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ရပါမည်။

(ခ) မြေတိုက်စားမြေပြိုခြင်းကို ကာကွယ်သည့် ရေမြေထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ နှင့် ဆည်မြောင်းဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက် လျှက်ရှိပါသည်။

(ဂ) နုန်းပြို့မှုကို လျော့နည်းစေသည့် နုန်းစစ်ကန်များ၊ နုန်းထိန်းဆည်များကိုဒေသခံများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆည်မြောင်းဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်လျှက်ရှိ ပါသည်။

(ဃ) ဒေသခံပြည်သူလူထု အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင် သည့် အလုပ်တိုက်နယ်များတွင် အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပါမည်။

(င) သီးနှံသစ်တော ရောနှောစိုက်ပျိုးသည့် အလုပ်တိုက်နယ် များတွင် သီးနှံသစ်တောတည်ထောင်ခြင်းအတွက် ရေးဆွဲထားသည့် အုပ်ချုပ်

လုပ်ကိုင်မှုဆိုင်ရာ ပြဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရပါမည်။

(စ) ရေဝေရေလဲသစ်တောအလုပ်တိုက်နယ် ဖြစ်သည့်အတွက် ရေမြေထိန်းသိမ်းရေး၊ မြေတိုက်စားမှုမဖြစ်စေရေး၊ သက်ဆိုင်ရာဆည်မြောင်းတမံများတွင် ရေလုံလောက်စွာနှင့် ရေကောင်းရေသန့် ရရှိစေနိုင်ရေးစသည့် အကျိုးပြုလုပ်ငန်းများ ဖြစ်ပေါ်စေရန် (သို့မဟုတ်) မထိခိုက်စေရန်အတွက် အထူးသတိပြုဆောင်ရွက်ရန် ဖြစ်ပါသည်။

## ၉.၄.၂.၂ ပြည်သူလူထုပူးပေါင်းဆောင်ရွက်ခြင်း

သစ်တောဦးစီးဌာနမှနည်းပညာနှင့် ငွေကြေးများပံ့ပိုး၍ သက်ဆိုင်ရာအထက်အဖွဲ့အစည်းများ၏ လမ်းညွှန်မှုကိုခံယူကာ ပြည်သူ့ဝန်ထမ်း အဖွဲ့အစည်း အသီးသီးတို့၏ ပူးပေါင်းပါဝင်မှုကို ရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၉.၄.၂.၃ သစ်တောပညာပေးခြင်း

မိမိအလုပ်တိုက်နယ်၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် အတွက် ရေဝေရေလဲဒေသအတွင်း နေထိုင်သည့် ပြည်သူများအား သစ်တောပညာပေးရာတွင် အောက်ဖော်ပြပါ နည်းလမ်းများဖြင့်သော်လည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော်မည့် နည်းလမ်းများ၊ ဒေသနှင့်ကိုက်ညီမည့် နည်းလမ်းများဖြင့်သော်လည်းကောင်း၊ အခြားသင့်တော်ရာ နည်းလမ်းများဖြင့် သော်လည်းကောင်း ဖော်ပြရန်ဖြစ်သည်။

(က) ရေမြေတိုက်စားပြိုပျက်မှု နည်းပါးစေခြင်းနှင့်ပံ့ပိုးမှု နည်းစေမည့် ခေတ်မီစိုက်ပျိုးနည်းစနစ်များအား ပညာပေး၍ ဆောင်ရွက်စေခြင်း၊

(ခ) သစ်တောမြေများကို စနစ်တကျ အုပ်ချုပ်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေ တိုးတက်ရရှိစေရေးအတွက် နည်းစနစ်နှင့် သီးနှံမှန်ကန်စွာရွေးချယ် စိုက်ပျိုးနိုင်ရေးကို ပညာပေးစည်းရုံး ဆောင်ရွက်ရန်၊

(ဂ) ရေဝေရေလဲဒေသအတွင်း နေထိုင်သူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်၍ ထိန်းသိမ်းစီမံအုပ်ချုပ်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေရန် ပညာပေးခြင်း၊

(ဃ) ရေဝေရေလဲဒေသများကို စနစ်တကျ စီမံအုပ်ချုပ်ပြီး အများပြည်သူအကျိုးပြုလုပ်ငန်းများ လက်တွေ့ပြသခြင်းဖြင့် ပြည်သူလူထု တစ်ရပ်လုံးမှပူးပေါင်းပါဝင် ဆောင်ရွက်ရန် ပညာပေးခြင်း ၊

ရေဝေရေလဲဒေသတစ်ခုအား စီမံအုပ်ချုပ်ရာတွင် ဒေသခံ ပြည်သူများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးကို ရှေ့ရှု၍ စီမံ

အုပ်ချုပ်ရမည် ဖြစ်ပါသည်။ ထိုသို့စီမံလုပ်ကိုင်ရာတွင် လတ်တလော မဖြစ်မနေ လုပ်ကိုင်ရမည့်သစ်ပင် ပြန်လည်စိုက်ပျိုးခြင်း၊ ဓမ္မတာနည်းဖြင့် မျိုးဆက်ခြင်းနှင့် ကာကွယ်ခြင်းစသည့် လုပ်ငန်းများအား ဦးစားပေး ဆောင်ရွက်ပြီး ရေရှည်အကျိုးစီးပွားအတွက် မှန်ကန်သော မြေအသုံးချမှုနည် စနစ်ကျသော ရေမြေထိန်းသိမ်းရေးလုပ်ငန်းများ အတတ်ပညာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်များအား ဒေသခံပြည်သူများမှ သဘောပေါက် သိမြင်လာစေပြီး ယင်းတို့ကိုယ်တိုင် မိမိအသိဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက် လာစေနိုင်မှသာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်ပါသည်။ သစ်တောဦးစီးဌာန တစ်ခုတည်းအနေဖြင့် ဆောင်ရွက်၍ မရနိုင်ပါသဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများမှလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

## ၉.၅ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ

မိုင်းဆတ်သစ်တောခရိုင်အတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ်ထုတ်လုပ်မှုနည်းပါးပြီး ဒေသခံပြည်သူများအတွက် လိုအပ်မှုကိုသာ ထုတ်လုပ်ရေးအလုပ်တိုက်နယ်များမှ လိုအပ်သလောက်သာ ထုတ်ယူသုံးစွဲမှု ရှိပါသည်။ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ်သည် ထုတ်လုပ်ရေး အလုပ်တိုက်နယ်နှင့် တစ်ထပ်တည်းကျရောက်လျက်ရှိပြီး ဧရိယာ (၁၂၈၅၃၅၂)ဧကအား ဖွဲ့စည်းထားပါသည်။

### ၉.၅.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

စီမံကိန်းကာလအတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်လုပ်အသုံးချနိုင်ရန် ရည်ရွယ်ပါသည်။ မိုင်းဆတ်ခရိုင်အတွင်း ထင်း၊ ဝါး၊ သစ်ခေါက်၊ ကျှော်၊ အင်တွဲ/ပွဲညှက်၊ သစ်စေး၊ လင်းနို့ချေး စသည်တို့ ထွက်ရှိမှုများအား ထုတ်လုပ်ပါသည်။

### ၉.၅.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ လျော့ပါးပြုန်းတီးမှု မရှိစေဘဲ၊ ထာဝစဉ်တောထွက်ရရှိရေး ဦးတည်လျက် ခရိုင်အတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ တစ်မျိုးစီအတွက် အလုပ်တိုက်နယ်များ လုပ်ကွက်စဉ်များ ဖွဲ့စည်းအုပ်ချုပ်လုပ်ကိုင်သွားရန် ဖြစ်ပါသည်။

#### ၉.၅.၂.၁ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများအလုပ်တိုက်နယ်

##### ၉.၅.၂.၁.၁ အလုပ်တိုက်နယ်နှင့်လုပ်ကွက်စဉ်များဖွဲ့စည်းခြင်း

မိုင်းဆတ်ခရိုင်အတွင်း ထွက်ရှိသည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများမှာ အစုလိုက်အပြုံလိုက် နေရာတစ်ခုတည်းမှ ထွက်ရှိခြင်း မဟုတ်ဘဲ

ကြိုးဝိုင်းတော၊ကြိုးပြင်ကာကွယ်တောများအတွင်း ပျံ့နှံ့စွာထွက်ရှိပြီး သစ်တော ထွက်ပစ္စည်း အမျိုးအစားတစ်ခုချင်း ရာသီချိန်များအလိုက် ဒေသအတွင်း ထုတ်ယူသုံးစွဲမှုများသာ ရှိပါသဖြင့် လုပ်ကွက်စဉ် များဖွဲ့စည်းနိုင်ခြင်းမရှိဘဲ အလုပ်တိုက်နယ်အနေဖြင့် ထုတ်လုပ်ရေး အလုပ်တိုက်နယ်နှင့် တစ်ထပ်တည်း သတ်မှတ်ဖွဲ့စည်းထားပါသည်။

### ၉.၅.၂.၁.၁.၁ အပင်ပေါက်ရောက်မှု/ထွက်ရှိမှုအခြေအနေ

သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ်၏ အပင် ပေါက်ရောက်မှုအခြေအနေမှာ ဒေသထောက်ပံ့ရေးနှင့်ဒေသခံ ပြည်သူအစုအဖွဲ့ ပိုင်သစ်တောများ အလုပ်တိုက်နယ်နှင့် ထုတ်လုပ်ရေးအလုပ် တိုက်နယ်များ၏ အပင်ပေါက်ရောက်မှုနှင့် ထွက်ရှိမှု အခြေအနေအတိုင်း ဖြစ်ပါသည်။

### ၉.၅.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနည်းစနစ်

မိုင်းဆတ်ခရိုင်အတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ် ထုတ်လုပ်နိုင်မှု နည်းပါးပါသဖြင့် သစ်တောထွက်ပစ္စည်း အမျိုးအစားအလိုက် သစ်တောစိုက်ပျိုးပြုစု နည်းစနစ်များ ဖော်ပြနိုင် ခြင်း မရှိပါ။

### ၉.၅.၂.၁.၁.၃ ခုတ်ပတ်

ထင်း၊ ဝါး၊ သစ်ခေါက်၊ လျှော်၊ အင်တွဲ/ပွဲညှက်၊ သစ်စေး၊ လင်းနို့ ချေး စသည့် အသေးအဖွဲသစ်တောထွက် ပစ္စည်းများကို စီးပွားဖြစ် ထုတ်ယူနိုင် ခြင်းမရှိဘဲ ဒေသခံပြည်သူများ လိုသလောက်သာ ထုတ်ယူ သုံးစွဲမှုရှိပါ သဖြင့် သစ်တောထွက်ပစ္စည်းတစ်ခုချင်းအလိုက် ခုတ်ပတ် သတ်မှတ်နိုင် ခြင်း မရှိပါ။

### ၉.၅.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစားနှင့်ပမာဏ

မိုင်းဆတ်ခရိုင်အတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ အား သစ်တောထွက်ပစ္စည်း အမျိုးအစားအလိုက် ထုတ်လုပ်ခွင့်ပြုသည့် အရွယ် အစားနှင့် ပမာဏ ဖော်ပြနိုင်ခြင်း မရှိပါ။

### ၉.၅.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်း

မိုင်းဆတ်ခရိုင်အတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ် ထုတ်ယူမှု နည်းပါးပါသဖြင့် ဖော်ပြနိုင်ခြင်း မရှိပါ။

### ၉.၅.၂.၁.၁.၆ သတ်ပတ်

မိုင်းဆတ်ခရိုင်အတွင်း စီးပွားဖြစ်ထုတ်လုပ်မည့်သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများနည်းပါးပြီး ဖော်ပြနိုင်ခြင်း မရှိပါ။

### ၉.၅.၂.၁.၁.၇ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ

သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင် ယင်း သစ်တောထွက်ပစ္စည်းများ မပျက်စီးမပြုန်းတီးစေဘဲ အစဉ်ဖွံ့ဖြိုးတိုးတက်လာစေရန်ဌာနဆိုင်ရာ ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန်ဖြစ်ပါသည်။

### ၉.၅.၂.၂ သယံဇာတစာရင်းကောက်ယူခြင်း

အလုပ်တိုက်နယ်တစ်ခုလုံးရှိ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ နှင့် ပတ်သတ်သည့် ကိန်းဂဏန်းများကို စာရင်းကောက်ယူခဲ့ခြင်း မရှိပါ။ မိုင်းဆတ်ခရိုင်အတွင်း စီးပွားဖြစ်ထုတ်လုပ်မည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ မရှိသဖြင့် ဖော်ပြနိုင်ခြင်းမရှိပါ။

## ၉.၆ သဘာဝထိန်းသိမ်းရေးနယ်မြေများ

သဘာဝထိန်းသိမ်းရေး နယ်မြေဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိ၊ သက်မဲ့ဖွဲ့စည်းမှုများ (သို့မဟုတ်) ထင်ရှားသော ပထဝီအနေအထား တည်ရှိသည့် ဒေသများကို အရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန် အလို့ငှာ ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝထိန်းသိမ်းရေးဥပဒေအရ သတ်မှတ်သည့်နယ်မြေကို ဆိုလိုခြင်းဖြစ်ပါသည်။

မိုင်းဆတ်သစ်တောခရိုင်အတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေများ မရှိသဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ အလုပ်တိုက်နယ် ဖွဲ့စည်းနိုင်ခြင်း မရှိပါ။

### ၉.၆.၁ ဂေဟစနစ်များအုပ်ချုပ်လုပ်ကိုင်ခြင်း

သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ အုပ်ချုပ်လုပ်ကိုင်ရာတွင် မူလပတ်ဝန်းကျင် သဘာဝအပင်များနှင့် သတ္တလောကတို့ အပြန်အလှန် အကျိုးပြုမြဲစေရန်အတွက် ဖြစ်တည်လျက်ရှိသော ဂေဟစနစ်များကို ထိန်းသိမ်းအုပ်ချုပ်လုပ်ကိုင်ခြင်း ဖြစ်ပါသည်။ မိုင်းဆတ်ခရိုင်အတွင်း သဘာဝထိန်းသိမ်းရေး နယ်မြေများဖွဲ့စည်းထားခြင်း မရှိ၍ ဖော်ပြရန်မရှိပါ။

### ၉.၆.၁.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်လျက် ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ် အုပ်ချုပ်လုပ်ကိုင်ရာတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အဓိကထား၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က) အစိုးရ၏တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေး ဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်။

(ခ) အစိုးရ၏သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်။

(ဂ) တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များ၊ သက်ရှိသက်မဲ့ ဖွဲ့စည်းမှုများနှင့် ရာသီအလိုက်ဒေသပြောင်းရွှေ့ ကျက်စားလေ့ရှိသော ငှက်များ ကို ကာကွယ်ထိန်းသိမ်းရန်နှင့် နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ရန်။

(ဃ) မျိုးသုန်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝ အပင်များနှင့် အခြားထူးခြားသည့် အသွင်အပြင်လက္ခဏာရှိသော နေရာဒေသများအား နိုင်ငံတော်၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းရန်။

(င) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်။

(စ) တိရစ္ဆာန်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်။

(ဆ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းကာကွယ်ခြင်း ဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။

(ဇ) ပြည်သူလူထုအတွက် အပန်းဖြေအနားယူမှု အခွင့်အလန်းများ ဖော်ထုတ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်။

### ၉.၆.၁.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ/အမျိုးအစားများ

မိုင်းဆတ်ခရိုင်အတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းထားခြင်း မရှိ၍ ဖော်ပြရန် မရှိပါ။

#### ၉.၆.၁.၂.၁ လုံးဝထိန်းသိမ်းထားသောသဘာဝကြိုးဝိုင်း

ဖော်ပြရန် မရှိပါ။

#### ၉.၆.၁.၂.၂ အမျိုးသားဥယျာဉ်

ဖော်ပြရန် မရှိပါ။

၉.၆.၁.၂.၃ သဘာဝထူးခြားသည့် မြေပြင်လက္ခဏာ

ဖော်ပြရန်မရှိပါ။

၉.၆.၁.၂.၄ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များဘေးမဲ့တော

ဖော်ပြရန်မရှိပါ။

၉.၆.၁.၂.၅ ကာကွယ်ထိန်းသိမ်းထားသော တောတောင်ရေမြေရှုခင်း

ဖော်ပြရန်မရှိပါ။

၉.၆.၁.၂.၆ သဘာဝသယံဇာတ အရင်းအမြစ်ကြိုးဝိုင်း

ဖော်ပြရန်မရှိပါ။

၉.၆.၁.၂.၇ ဇီဝဆိုင်ရာသဘာဝနယ်မြေ

ဖော်ပြရန်မရှိပါ။

၉.၆.၁.၂.၈ ဘက်စုံအသုံးချအုပ်ချုပ်လုပ်ကိုင်မှုနယ်မြေ

ဖော်ပြရန်မရှိပါ။

၉.၆.၁.၂.၉ ဇီဝဂေဟနံကျင်ကြိုးဝိုင်း

ဖော်ပြရန်မရှိပါ။

၉.၆.၁.၂.၁၀ ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးကြိုးဝိုင်း

ဖော်ပြရန်မရှိပါ။

၉.၆.၁.၂.၁၁ အခြားကြိုးဝိုင်းများ

ဖော်ပြရန်မရှိပါ။

၉.၆.၁.၃ ဥယျာဉ်စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း

ဖော်ပြရန်မရှိပါ။

၉.၆.၁.၄ တရားဥပဒေစိုးမိုးရေး

ဖော်ပြရန်မရှိပါ။

၉.၆.၁.၅ ကြားခံနယ်မြေအုပ်ချုပ်လုပ်ကိုင်ခြင်း

ဖော်ပြရန်မရှိပါ။

၉.၆.၁.၆ ပညာပေးအစီအစဉ်

ဖော်ပြရန်မရှိပါ။

၉.၆.၁.၇ သဘာဝအခြေခံလုပ်ငန်းများ

ဖော်ပြရန်မရှိပါ။

၉.၆.၁.၈ ဇီဝမျိုးစုံကွဲစာရင်းကောက်ယူခြင်း

ဖော်ပြရန်မရှိပါ။

၉.၆.၁.၉ နေရင်းဒေသ ပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း

ဖော်ပြရန်မရှိပါ။

၉.၆.၁.၁၀ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်ခြင်း

ဖော်ပြရန်မရှိပါ။

၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်ခြင်း

၁၉၉၄ ခုနှစ်တွင် ပြဌာန်းထားသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေတွင် ပါရှိသည့် ရည်ရွယ်ချက်များအနက် တစ်ခုကိုဖြစ်စေ တစ်ခုထက်ပို၍ဖြစ်စေ ရည်ရွယ်ချက်အဖြစ် ထားရှိလုပ်ဆောင်ရန် ဖြစ်ပါသည်။

၉.၆.၃ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့်ဥပဒေစည်းမျဉ်းစည်းကမ်းဆိုင်ရာ စီစဉ်ခန့်ခွဲမှု

ဖော်ပြရန်မရှိပါ။

၉.၆.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး

ဖော်ပြရန်မရှိပါ။

၉.၇ သစ်တောကာကွယ်ခြင်း

၉.၇.၁ နယ်နိမိတ်သတ်မှတ်ပြင်ဆင် ထိန်းသိမ်းခြင်း

ကြိုးဝိုင်းနှင့်အကွက်နယ်နိမိတ်များကို ပြင်ဆင်ထိန်းသိမ်းရာတွင် လက်အောက်အမှုထမ်းများ အမြဲလိုက်နာရန် အမိန့်လက်စွဲအခန်း(၆) စာမျက်နှာ( ၅၀) မှ (၅၇) တွင် ဖော်ပြထားချက်အတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## ၉.၇.၁.၁ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း

ခရိုင်အတွင်းရှိ မိုင်းတုံမြို့နယ်တွင် ကြိုးဝိုင်းများကို (၁၀)နှစ်တာကာလ အတွင်း အစီအစဉ်ရေးဆွဲ၍ ပြင်ဆင်သွားရမည်ဖြစ်ပါသည်။ ကြိုးဝိုင်းပြင်ဆင်ခြင်းလုပ်ငန်း၊ လူနေရပ်နှင့်နီးစပ်သော နေရာများတွင် ပညာပေး/သတိပေး ကြော်ငြာဆိုင်းဘုတ်များကို စိုက်ထူထားရှိဆောင်ရွက်မည် ဖြစ်ပါသည်။ သစ်တောဝန်ထမ်းများ လုပ်ငန်းခွင်ဝင်ရောက်သည့် အချိန်များတွင် ကြိုးဝိုင်းနယ်နိမိတ်များကို အမြဲမပြတ်စစ်ဆေးပြီး နှောင့်ယှက်ဖျက်ဆီးရန်လွယ်သည့် နေရာများမှ နယ်နိမိတ်များကိုလည်း ပျက်စီးနေကြောင်း တွေ့ရှိပါက ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ ဒုတိယညွှန်ကြားရေးမှူးထံ တင်ပြ၍ အထူးခွင့်ပြုမိန့် တောင်းခံပြီး ပြင်ဆင်သွားရမည် ဖြစ်ပါသည်။ ခရိုင်အတွင်းရှိ ကြိုးဝိုင်းများကို (၁၀)နှစ်တာကာလအတွင်း ပြင်ဆင်ရန် အစီအစဉ်ကို ဇယား (၉-၇-၁-၁)တွင် ရေးဆွဲဖော်ပြထားပါသည်။

ကြိုးဝိုင်းနယ်နိမိတ် ပြင်ဆင်ရာတွင် နှစ်စဉ်လျာထားချက် အလျားမိုင်များ မှာ နည်းသည့်အပြင် ခွင့်ပြုရန်ပုံငွေမှာ ဒေသပေါက်ဈေးနှင့် မကိုက်ညီဘဲ နည်းလှသဖြင့် အကျိုးရှိထိရောက်အောင် ပြင်ဆင်ရန် အခက်အခဲရှိပါသည်။ သင့်တော်လျော်ကန်သော ရန်ပုံငွေကိုခွဲဝေချမှတ်ပေးပြီး အထူးကိစ္စရပ်အနေဖြင့် အလေးထားဆောင်ရွက်ပါမှ သတ်မှတ်ကာလအတွင်း ကြိုးဝိုင်းများအားလုံးကို နယ်နိမိတ်ပြင်ဆင်ခြင်း လုပ်ငန်းပြီးစီးမည်ဖြစ်ပါသည်။

### စီမံကိန်းကာလအတွင်းကြိုးဝိုင်းတောနယ်နိမိတ် ပြင်ဆင်ရန်လျာထားချက်

ဇယား (၉-၇-၁-၁)

| စဉ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ် တော | နယ် နိ မိတ် အ လျား (မိုင်) | ပြင်ဆင်မည့် အလျားမိုင် | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) |
| ၁ | လွယ်ပွတ် (ဝိုင်း) | ၁၀၆မိုင်၂ဖါလုံ | – | – | – | – | – | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၆ | |
| ၂ | မယ်ပန်(ပြင်/ကာ) | ၃၅ မိုင် | – | – | – | – | – | ၁၀ | ၁၀ | ၁၀ | ၅ | – | |
| ၃ | မယ်မိန်းမယ်ဖိန်း (ပြင်/ကာ) | ၃၈ မိုင် | – | – | – | – | – | – | – | – | ၅ | ၁၀ | |
| ၄ | နမ့်ညှင်း(ပြင်/ကာ) | ၇၇ မိုင် | – | – | – | – | – | – | – | – | – | – | |
| | **ခရိုင်ပေါင်း** | | – | – | – | – | – | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၆ | |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

**မှတ်ချက်** ။ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်းနှင့် အကွက်နယ်နိမိတ်ပြင်ဆင်ခြင်းတို့အား နယ်မြေအခြေအနေအရ ရန်ပုံငွေတောင်းခံတင်ပြ ဆောင်ရွက်သွားပါမည်။

### ၉.၇.၁.၂ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း

မိုင်းဆတ်ခရိုင်အတွင်း ကြိုးဝိုင်းတောများနှင့် ကြိုးပြင်ကာကွယ်တောများတွင် အကွက်နယ်နိမိတ်ပြင်ဆင်ခြင်းလုပ်ငန်းကို နယ်မြေဒေသအခြေအနေနှင့် ဝန်ထမ်းအင်အားပေါ် အခြေခံ၍ တစ်နှစ်လျှင် (၂၀)မိုင်နှုန်းဖြင့် ရန်ပုံငွေတောင်းခံတင်ပြဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ၉.၇.၂ မီးကာကွယ်ခြင်း

ရုံး၊ ဌာနပိုင်အဆောက်အဦးများ၊ ပစ္စည်းနှင့်ဆီသိုလှောင်ရုံများ၊ ဝန်ထမ်းနေအိမ်များ၊ မီးဘေးအန္တရာယ် ကင်းဝေးစေရန် နှစ်စဉ်နွေရာသီ မရောက်မီ၊ မီးဘေးကြိုတင်စီမံချက် ရေးဆွဲစေပြီး၊ စီမံချက်ပါအတိုင်း မီးချိတ်၊ မီးကပ်များ၊ ရေပုံးများ၊ မီးသတ်ဗူးများ ထားရှိခြင်းဆောင်ရွက်ရပါမည်။ ရေကန်များတွင် ရေများဖြည့်ထားပေးရပါမည်။ ဝန်ထမ်းများကို နေ့/ည တာဝန်ချထား၍ ကာကွယ်စောင့်ရှောက်ရပါမည်။ မီးလောင်မှုဖြစ်ပွားပါက မိမိတာဝန်ယူရသော နေရာမီးကူးစက်လောင်ကျွမ်းခြင်း မရှိရအောင် ဆက်သွယ်ရမည့် လမ်းကြောင်းများ၊ အကူအညီရယူရမည့်နေရာများကို ကြိုတင်ပြောကြားထားပြီး မီးငြိမ်းသတ်ခြင်းလုပ်ငန်းကို လေ့ကျင့်သင်ကြား ပေးထားရပါမည်။ မီးဘေးအန္တရာယ် ဆိုးဝါးပုံကို ရုပ်ပုံ၊ ပိုစတာ၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားတို့မှ ပညာဖြန့်ဖြူး နေသည်တို့ကို ကြည့်ရှုစေ၍ ဤသို့ အန္တရာယ်ဆိုးများ မကျရောက်ရအောင် မီးဂရုစိုက်ရေး လှုံ့ဆော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စိုက်ခင်းများကိုမှ (၅)နှစ်သားအထိ၊ မီးကာကွယ်ရမည်ဖြစ်ပါသည်။ ဇန်နဝါရီ (၁၅)ရက်မှ မေလ(၁၅) ရက်အထိ (၄) လတာ ကာလကို မီးကာကွယ်သောကာလအဖြစ် သတ်မှတ်ထားရှိပြီးဖြစ်ပါသည်။ နွေရာသီအစတွင် စိုက်ခင်းပတ်လည်၌ ၁၀ပေအကျယ် မီးတားလမ်းကို အပြောင်ရှင်းထား ပေးရမည်။ အတွင်းမီးတား လမ်းများကိုပါ ဖေါက်လုပ်ထားပေးရပါမည်။ ဖြစ်နိုင်လျှင် မီးလှန်ကွက်များပြုလုပ်ပြီး၊ ဆောင်းရာသီတွင် ထိန်းသိမ်းကြိုတင်မီးရှို့ခြင်း Control burning လုပ်ပေးနိုင်လျှင် ပိုကောင်းပါသည်။ အချက်အချာကျသောနေရာများတွင် မီးမျှော်စင်များဆောက်လုပ်ပြီး၊ မီးစောင့်များကို တာဝန်ချထားပေးရပါမည်။ မီးတားလမ်းတစ်လျှောက် မီးကပ်များကို ထားပေးရမည်။ စိုက်ခင်းအတွင်း ဝင်ရောက်သူ များအား မီးဂရုစိုက်ရန် ပညာပေးခြင်း၊ နှိုးဆော်ခြင်းလုပ်ပေးရမည်။ စိုက်ခင်းပတ်လည် လူဝင်လူထွက်များသော နေရာများတွင် မီးသတိပြုဆိုင်းဘုတ်များ စိုက်ထူထားပေးရမည်။

မီးစောင့်များနှင့် ဝန်ထမ်းများတွဲဖက်၍ တာဝန်ကျစောင့်ရှောက် နေရမည်ဖြစ်ပြီး မီးအန္တရာယ်ကြုံတွေ့ရပါက အချက်ပြဆက်သွယ်ရေး အစီအစဉ်၊ အကူအညီရယူမည့်အစီအစဉ်၊ ဝိုင်းဝန်းငြိမ်းသတ်မည့် အစီအစဉ်များကို ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရှိရပါမည်။ စိုက်ခင်းများတွင်လည်း နှစ်စဉ်မီးစီမံချက်ကို ရေးသား

စေပြီး၊ စီမံချက်ပါအတိုင်း ဆောင်ရွက်ရန် ကြီးကြပ်လုပ်ကိုင် ဆောင်ရွက်နေရမည် ဖြစ်ပါသည်။

သစ်နှင့်သစ်တောထွက်ပစ္စည်း ထုတ်လုပ်သော အဖွဲ့အစည်းများ အနေဖြင့်လည်း မီးဘေးအန္တရာယ် မကျရောက်အောင် ကြိုတင်ကာကွယ်မှုကို လိုက်နာဆောင်ရွက်ရန် တွန်းအားပေး ဆောင်ရွက်သွားရပါမည်။ ၎င်းတို့အား တာဝန်ရှိသူများက လိုအပ်သလို ကြီးကြပ်ဆောင်ရွက်နေရမည် ဖြစ်ပါသည်။ မီးကာကွယ်ထားသော ဧရိယာအတွင်း ဖြတ်သန်းသွားလာသော ကျေးရွာသူ/သားများအား မီးဘေး အန္တရာယ်ကာကွယ်ရေး စီမံချက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး မလိုက်နာပါက ဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

## ၉.၇.၃ ပိုးမွှားနှင့်ရောဂါ အန္တရာယ်ကာကွယ်ခြင်း

ခရိုင်အတွင်းရှိ သဘာဝတောများနှင့် သစ်တောစိုက်ခင်းများတွင် ပိုးမွှားနှင့် ရောဂါ အန္တရာယ်များ ကျရောက်ပါက ဖြစ်ပွားမှုအခြေအနေ ပေါ်မူတည်၍ သစ်တောသုတေသနဌာန၊ မြန်မာ့စိုက်ပျိုးရေးဌာနတို့နှင့်ညှိနှိုင်းပြီး လိုအပ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကိုရယူ၍ ကျရောက်သော ပိုးမွှားရောဂါနှင့် အခြားရောဂါများကို ကာကွယ်သွားမည်ဖြစ်ပါသည်။ ယခင်မှတ်တမ်းအရ ပိုးမွှားနှင့်ရောဂါအန္တရာယ်များ ဆိုးဝါးစွာ ကျရောက်ခြင်း မရှိခဲ့ကြောင်း သိရှိရပါသည်။

## ၉.၇.၄ လှည့်လည်စစ်ဆေးခြင်း

ခရိုင်အတွင်း ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တောနှင့် သစ်တောစိုက်ခင်းများကို ကာကွယ်စောင့်ရှောက်ရန် ဘိနယ်တာဝန်ခံများက မိမိတာဝန်ယူရသော ဘိနယ် အတွင်း လှည့်လည်စစ်ဆေးပြီး တွေ့ရှိချက်များကို မြို့နယ်ဦးစီးအရာရှိထံ တင်ပြရမည်။ စိုက်ခင်းများတွင်လည်း စိုက်ခင်းတာဝန်ခံဝန်ထမ်းများကို သီးသန့် တာဝန်ပေးထားပါသည်။ မြို့နယ်များမှလည်း သစ်တောထိန်းသိမ်းရေးလုပ်ငန်း အတွက် လှုပ်ရှားအဖွဲ့များဖွဲ့စည်း၍ အလျဉ်းသင့်သလို လှည့်လည်စစ်ဆေး ဆောင်ရွက်သွားရပါမည်။ ၎င်းလှည့်လည် စစ်ဆေးသည့်အဖွဲ့များသည် ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်တောင်ယာခုတ်ခြင်း၊ တရားမဝင် သစ်ထုတ်ယူခြင်းနှင့် အခြားသစ်တောပြစ်မှုများကို ဖေါက်ဖျက်ကျူးလွန်ခြင်းများကို တွေ့ရှိရပါက မြို့နယ်ဦးစီးအရာရှိတို့မှ သစ်တောဥပဒေအရ အရေးယူ ဆောင်ရွက်ချက်များကို လက်ထောက်ညွှန်ကြားရေးမှူးထံ တင်ပြအစီရင်ခံရမည် ဖြစ်ပါသည်။

## ၉.၇.၅ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းခြင်း

စီမံကိန်းကာလအတွင်း မိုင်းခုတ်မြို့နယ်ခွဲ၌ အဆိုပြုကြိုးပြင်ကာကွယ်တော(၂) ခု၊ (၈၈၃၇၀) ဧက ဖွဲ့စည်းရန် ရှိပြီး ဇယား(၉-၇-၅) ဖြင့်ဖော်ပြထားပါသည်။

## စီမံကိန်းကာလအတွင်းဖွဲ့စည်းတည်ထောင်မည့် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေများစာရင်း

ဇယား(၉-၇-၅)

| စဉ် | မြို့နယ် | အဆိုပြုကြိုးပြင်ကာကွယ်တော | ဧရိယာ(ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | မိုင်းဆတ် | မိုင်းနှင်း | ၄၀၉၉၀ | လျာထား |
| ၂။ | ။ | မိုင်းလုံး | ၄၇၃၈၀ | ။ |
| | | **စုစုပေါင်း** | **၈၈၃၇၀** | |

ဇစ်မြစ် - မိုင်းဆတ်ခရိုင်၊ သစ်တောဦးစီးဌာန

**မှတ်ချက်။** ။ နယ်မြေအခြေအနေ ငြိမ်းချမ်းမှုအပေါ်မူတည်၍ ၂၀၂၀ ခုနှစ် နောက်ပိုင်းကာလတွင် ဆောင်ရွက်သွားပါမည်။

## ၉.၈ လေ့ကျင့်ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးရေး

### ၉.၈.၁ လေ့ကျင့်ရေး

ခရိုင်အတွင်းရှိဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်၊ အရည်အသွေး မြင့်မား တိုးတက်ရန်အတွက် ပြည်တွင်းပြည်ပသင်တန်းများ၊ လေ့လာရေးခရီးစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခဲ့ပါသည်။ တက်ရောက်ပြီးစီးမှု အခြေအနေများကို အတွဲ(၂) ဇယား(၄-၄)တွင် ဖော်ပြထားပါသည်။ စီမံကိန်းကာလ အတွင်းတွင်လည်း သစ်တောဦးစီးရုံးချုပ်၊ လေ့ကျင့်ရေးနှင့်သုတေသနဖွံ့ဖြိုးရေးဌာနနှင့် ညှိနှိုင်းပြီး သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ဝန်ထမ်းများ တက်ရောက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

### ၉.၈.၂ သုတေသန

